ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်၊ တနင်္ဂနွေနေ့ (3-7-2011) (၆၈၀၉)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဇူလိုင်　　၃

၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာအလက်ဇန္ဒား၊ အာရ်၊ လူကာရှန်ကိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဘယ်လာရုစ်သမ္မတနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော်　　ဇူလိုင်　　၃

၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခယ်လ်မီယာစနီကိုဗစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်တွင် သမဝါယမလောကသားများက ဝီရိယစိုက်ထုတ်ပြီး အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော်　　ဇူလိုင်　　၂

အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဗဟိုသမဝါယမအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကို ၁၈၉၅ ခုနှစ်တွင် နိုင်ငံတကာမှာရှိသည့် သမဝါယမအချင်းချင်း ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံနိုင်ရန်နှင့် စီးပွားရေးအားဖြင့် ပူးပေါင်းဆောင်ရွက်မှု မြင့်တက်စေရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် ဖွဲ့စည်းထူထောင်ပြီးနောက် ၁၉၂၃ ခုနှစ်မှစတင်၍ အဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို နှစ်စဉ်ကျင်းပလာခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ်တွင် မြန်မာနိုင်ငံ သမဝါယမအသင်းသည် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၌ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ကြောင်း၊ ၁၉၉၄ ခုနှစ်တွင် ကျင်းပခဲ့သည့် (၄၉)ကြိမ်မြောက် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက နှစ်စဉ် “ဇူလိုင်လ၏ ပထမ စနေနေ့” ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ပေးကြောင်း၊ ထို့ကြောင့် ကမ္ဘာအရပ်ရပ်၌ရှိသည့် သမဝါယမအဖွဲ့အစည်းများသည် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားများကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ဓါးကျော ၃-၇-၂၀၁၁ (တနင်္ဂနွေနေ့)

မြန်မာအမျိုးသမီးများ ဂုဏ်ရည်မြှင့်တင်

ဇူလိုင်လ ၃ ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ထားသည်။ သမိုင်းအစဉ်အလာကောင်းသည့် မြန်မာအမျိုးသမီးများ၏ စိတ်ဓာတ်၊ အများအကျိုး သယ်ပိုးထမ်းဆောင်နိုင်မှု၊ အမျိုးသားများနှင့် တန်းတူရည်တူ စွမ်းဆောင်နိုင်မှု ဂုဏ်ရည်များကို ဖော်ညွှန်းဂုဏ်ပြုသတ်မှတ်ခြင်း ဖြစ်သည်။

မြန်မာအမျိုးသမီးများသည် ရှေးအစဉ်အဆက်ကပင် ဥပဒေအရလည်းကောင်း၊ ဓလေ့ထုံးစံအရလည်းကောင်း၊ အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေးများ ရရှိခဲ့ကြသည်။ နိုင်ငံနှင့် ပြည်သူလူထုအကျိုးကို ထာဝစဉ် ပါဝင်သယ်ပိုးထမ်းရွက်ခဲ့ကြသည်။ အခြေခံအကျဆုံး မိခင်စိတ်ဓာတ်ဖြင့် မိသားစုတာဝန်မှသည် တိုင်းကျိုးပြည်ပြု လုပ်ငန်းများအထိ စွမ်းစွမ်းတမံ ပါဝင်ကြိုးပမ်းခဲ့ကြရာ နေရာပေးအလေးထားမှု ရရှိနေကြသူများ ဖြစ်သည်။

အမျိုးကို ချစ်ခင်စောင့်ရှောက်ခြင်းသည် အမျိုးသမီးတို့၏ သိက္ခာ၊ အမျိုးသမီးတို့၏အင်အား၊ အမျိုးသမီးတို့၏တန်ဖိုးတို့နှင့် ဆက်စပ်ယှက်နွယ်မှုရှိသည်။ မြန်မာအမျိုးသမီးတို့၏ တိုင်းချစ်၊ ပြည်ချစ်စိတ်ဓာတ်၊ အမျိုးစောင့်တရားရင့်သန်ကြံ့ခိုင်သည့် အစဉ်အလာ၊ စွမ်းပကားနှင့် ဂုဏ်ရည်များထာဝစဉ် တင့်တယ်ဝင့်ထည်နေစေရေး ထိန်းသိမ်းမြှင့်တင်သွားကြရမည်ဖြစ်သည်။

နိုင်ငံသူ၊ နိုင်ငံသားတိုင်းသည် မိမိတို့၏နိုင်ငံကို အသက်ပေး၍ကာကွယ်စောင့်ရှောက်ရုံမျှမက မြန်မာ့ယဉ်ကျေးမှုဟူသည့် လူမှုရေးတံတိုင်းဖြင့်လည်း ကာကွယ်ထားကြရန် လိုအပ်သည်။ အထူးသဖြင့် မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ နေထိုင်ဆက်ဆံမှုစသည်တို့တွင် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်အညီ ဆက်လက် ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။

ယနေ့ကာလတွင် မြန်မာအမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ နည်းပညာစသည့် ကဏ္ဍစုံတွင် အောင်မြင်မှုများရရှိနေကြပြီ။ အားကစား၊ ယဉ်ကျေးမှုနှင့် လူမှုရေးကဏ္ဍတို့တွင်လည်း ထွန်းပေါက်အောင်မြင်နေသည့် အမျိုးသမီးစွမ်းဆောင်ရှင်များကို တွေ့မြင်နေရပြီ ဖြစ်သည်။

မြန်မာအမျိုးသမီးများသည် မျိုးရိုးအစဉ်အလာအရ ယဉ်ကျေးမှုဓလေ့စရိုက်ကို ပိုင်ဆိုင်ကြသူများဖြစ်သည်။ ထူးချွန်ထက်မြက်သော စွမ်းဆောင်ရည်ရှိသည်။ နိုင်ငံချစ်စိတ်နှင့် မိမိတို့အမျိုးအနွယ်ကို စောင့်ရှောက်လာခဲ့ကြသည့် အစဉ်အလာရှိသည်။ မြန်မာအမျိုးသမီးတိုင်းက မိမိတို့အမျိုးသမီးများ၏ ဂုဏ်ရည်ကို ထိန်းသိမ်းမြှင့်တင်ရင်း နိုင်ငံနှင့် ပြည်သူ့အကျိုး ဆက်လက်ပါဝင်သယ်ပိုးကြိုးပမ်းသွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ॥

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ထမ်းအဆင့်ဆင့်သည် နိုင်ငံတော်အစိုးရ၏ ဦးတည်ချက်၊ ရည်မှန်းချက်များကို နားလည်သဘောပေါက်ပြီး ရိုးဖြောင့်မှန်ကန်တာဝန်သိစွာ လိုက်နာဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂

အကောက်ခွန်ဦးစီးဌာန၏ အဓိက လုပ်ငန်းတာဝန်(၄)ရပ်ဖြစ်သည့် တင်သွင်း/တင်ပို့ပစ္စည်းများအပေါ် တည်ဆဲဥပဒေများနှင့်အညီ အခွန်အကောက်များ စည်းကြပ်ကောက်ခံခြင်း၊ တင်သွင်း/တင်ပို့မှုများကို ဥပဒေ၊ စည်းမျဉ်း၊ ပြဋ္ဌာန်းချက်များနှင့်အညီ ညီညွတ်မှု ရှိ/မရှိ စိစစ်ကြီးကြပ်ခြင်း၊ တရားမဝင် တင်သွင်း/တင်ပို့မှုများကို ကာကွယ်တားဆီး၊ စုံစမ်းဖော်ထုတ်အရေးယူခြင်း၊ ပြည်ပကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေခြင်းစသည်တို့ကို ဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ဝန်ထမ်းအဆင့်ဆင့်သည် နိုင်ငံတော်အစိုးရ၏ ဦးတည်ချက်၊ ရည်မှန်းချက်များကို နားလည်သဘောပေါက်ပြီး ရိုးဖြောင့်မှန်ကန်တာဝန်သိစွာ လိုက်နာဆောင်ရွက်ရေးအတွက် စီမံခန့်ခွဲမှုအဆင့် အရာထမ်းများက စံနမူနာပြ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းစသည်ဖြင့် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာနရုံးချုပ် သီဟရာဇာခန်းမ၌ ကျင်းပသော တွေ့ဆုံပွဲ အခမ်းအနားတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်ဦးစီးဌာန၌ နေ့စဉ်လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် စီမံဆောင်ရွက်ထားမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးမှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ကုန်သည်လမ်းရှိ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်စာရင်းဌာန တိုးချဲ့အဆောက်အအုံနှင့် ပင်မအဆောက်အအုံအတွင်း နေ့စဉ်လုပ်ငန်းဆောင်ရွက်နိုင်ရန် စီမံထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊ ကုမ္ပဏီများဆိုင်ရာအခွန်ရုံးနှင့် တံဆိပ်ခေါင်းသိုလှောင်ရုံ ရန်ကုန်ရုံးခွဲအတွင်း နေ့စဉ်ရုံးလုပ်ငန်းများဆောင်ရွက်ရန် စီမံဆောင်ရွက်မှုအခြေအနေများနှင့် အခွန်တံဆိပ်ခေါင်းအမျိုးမျိုး ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် အခွန်စီမံခန့်ခွဲမှုလုပ်ငန်းစည်းမျဉ်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်စာရင်းဌာန၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂

၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသည့် မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၆ နာရီ ၁၅ မိနစ်တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဝိုင်းအနီး၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင် တက်ရောက်ပြီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသည့် ဒေါ်နီနီဝင်း၊ ဒေါ်ကျင်ခိုင်နှင့် ဒေါ်မြသီဂီ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသည့် ဒေါ်နီနီဝင်း၊ ဒေါ်ကျင်ခိုင်နှင့် ဒေါ်မြသီဂီတို့က မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မြေစိုက်ပိုစတာစိုက်ထူပွဲကို နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကံ့ကော်ပန်းအဝိုင်းအနီး၌ ကျင်းပရာ နာယကများဖြစ်ကြသည့် ဒေါ်နီနီဝင်း၊ ဒေါ်ကျင်ခိုင်နှင့် ဒေါ်မြသီဂီတို့က ၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင် မြန်မာအမျိုးသမီးများနေ့ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းအလှူကို ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီတွင် မရမ်းကုန်းမြို့နယ် ကိုးမိုင်မဟာစည်ရိပ်သာ၌ ကျင်းပမည်ဖြစ်သည်။

အသင်းသူ၊ အသင်းသားများနှင့် မြို့နယ်သူ၊ မြို့နယ်သားများ စုပေါင်းအလှူဒါနပြုကုသိုလ်ရယူကြပါရန်နှင့် အလှူငွေ ထည့်ဝင်လိုသူများ ဦးတင်မြင့် ဖုန်း-၆၄၀၂၅၉၊ ၆၄၀၂၆၂၊ ၀၉-၅၁၇၈၀၆၂၊ ဦးထွေး ဖုန်း-၀၉-၅၄၀၀၈၅၇၊ ဦးသိန်းဝင်း ဖုန်း-၀၉-၇၃၀၇၆၂၂၇၊ ဦးဇော်တင် ဖုန်း-၀၉-၅၄၀၆၃၀၀နှင့် ဦးဌေးဝင်း ဖုန်း-၀၉-၄၃၀၅၃၃၅၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဥတုရာသီ တောကိုမှီ၏

ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး) ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇွန် ၁၆ ရက်က ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မထသ ကြီးကြပ်မှုဗဟိုကော်မတီ ဒု-ဥက္ကဋ္ဌ ဦးလှသောင်းမြင့်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)မှ ဦးအောင်ကျော်မိုးနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး ဒုတိယရဲမှူး ရွှေဝင်းတို့ ပညာပေးဟောပြောခဲ့ရာ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကြို / ပို့ ယာဉ်မောင်းများ တက်ရောက်ကြစဉ်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၇၉၀၀	၀. ၀၃၂၄၈
တရုတ် (ယွမ်)	၆. ၄၆၅၅၀	၀. ၁၅၄၆၇
အိန္ဒိယ (ရူပီး)	၄၄. ၆၂၀၀	၀. ၀၂၂၄၁
မလေးရှား (ရင်းဂစ်)	၃. ၀၁၀၅၀	၀. ၃၃၂၁၇
စင်ကာပူ (ဒေါ်လာ)	၁. ၂၂၆၇၀	၀. ၈၁၅၂၀
ဂျပန် (ယန်း)	၈၀. ၈၂၉၉	၀. ၀၁၂၃၇
တောင်ကိုရီးယား(ဝမ်)	၁၀၆၄. ၆၉	၀. ၀၀၀၉၄
ယူရို	၀. ၆၈၈၁၄	၁. ၄၅၂၅၅
ဗြိတိသျှ (ပေါင်)	၀. ၆၂၂၂၀	၁. ၆၀၇၂၀

အင်တာနက်။

☆ ရှေ့ဖုံးမှ

နိုင်ငံအလိုက် ယခုကဲ့သို့ ကျင်းပနေခြင်း ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာသမဝါယမ အဖွဲ့ချုပ်၏ အဖွဲ့ဝင်အနေဖြင့် ဗဟိုသမဝါယမ အသင်းသည် ယခုနှစ်တွင် အပြည်ပြည် ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားကို (၁၇)ကြိမ်မြောက် ကျင်းပခြင်း ဖြစ်ကြောင်း။

နှစ်စဉ် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားများတွင် သမဝါယမ မိသားစုဝင်များကို လိုက်နာကျင့်သုံးဆောင်ရွက်စေလိုသည့် လုပ်ငန်းစဉ်များကို အပြည်ပြည်ဆိုင်ရာ သမဝါယမ အဖွဲ့ချုပ်က ဆောင်ပုဒ်အဖြစ်သတ်မှတ်၍ ယခုနှစ် သမဝါယမနေ့အတွက် "Youth the Future of Co-operative Enterprise" ဆောင်ပုဒ်ကို သတ်မှတ်ထားကြောင်း။

ထို့ကြောင့် အနာဂတ် သမဝါယမ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် လူငယ်များက အင်တိုက်အားတိုက် ပါဝင်လာရန် စည်းရုံးခြင်း၊ လေ့ကျင့်ပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားလိုကြောင်း၊ ထို့အပြင် ကမ္ဘာ့သမဝါယမအသင်းဥပဒေကို ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိကြောင်း၊ သမဝါယမ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆောင်ရွက်ရမည့် တာဝန်မှာ (OER)ဖြစ်ပြီး Organization အစုအဖွဲ့များဖွဲ့စည်းခြင်း၊ Education သမဝါယမပညာ ပြန့်ပွားအောင်ဆောင်ရွက်ခြင်း၊ Regulation သမဝါယမလုပ်ငန်းများ ဆောင်ရွက်သည့်နေရာတွင် နိုင်ငံတော်ကချမှတ်ထားသည့် ဥပဒေ စည်းမျဉ်းစည်းကမ်းနှင့် ဘောင်အတွင်းမှ ဘေးတိုက် ထိန်းကျောင်းတည့်မတ်ပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သမဝါယမ အဖွဲ့အစည်းများအနေဖြင့် မျက်ခြည်မပြတ်ဘဲ အောင်မြင်အောင် အထူးဂရုစိုက်ဆောင်ရွက်ကြပါဟု မှာကြားလိုကြောင်း။

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ အခြေခံသမဝါယမအသင်း ၁၀၇၂၅ သင်း၊ အသင်းစု ၄၆၂ သင်း၊ အသင်းစုချုပ်အသင်း ၂၀၊ ဗဟိုသမဝါယမအသင်း တစ်သင်း စုစုပေါင်း ၁၁၂၀၈ သင်း ဖွဲ့စည်းထားပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းနှင့် အထွေထွေစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် သမဝါယမဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီး တစ်ဦးအား ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် သမဝါယမဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီးတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂအဖွဲ့မှ သမဝါယမများ၏ အောင်မြင်မှုကို ဂုဏ်ပြုသည့်အနေဖြင့် ၂၀၁၂ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်ဟု သတ်မှတ်ခဲ့ကြောင်း၊ အဆိုပါနှစ်၏ အဓိကဆောင်ပုဒ်မှာ “လူမှုစီးပွားရေးလုပ်ငန်းသည် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို တည်ဆောက်နေပါသည်” "Co-operatives Enterprise Build a new Better World" ဖြစ်ကြောင်း။

လတ်တလော နိုင်ငံတော်၏ လူမှုစီးပွားရေးသမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် တောင်သူလယ်သမားများ၏ စီးပွားရေးကျပ်တည်းမှုကို ဖြေရှင်းရန်နှင့် မြင့်မားသောအတိုးဖြင့် ငွေတိုးပေး၍ ချေးနေရသောဒုက္ခမှ လျော့ပါးစေရန် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့၌ ၁၉၀၅ ခုနှစ်က ငွေချေးသမဝါယမအသင်းတစ်ခု စတင်ပေါ်ပေါက်လာခဲ့ကြောင်း၊ သို့ရာတွင် ဈေးကွက်စီးပွားရေးစနစ်နှင့်လျော်ညီစွာ ကူးသန်းရောင်းဝယ်ရေးနှင့် စီးပွားရေး အခွင့်အလမ်းများ ပြုလုပ်နိုင်ရန် ၁၉၉၂ ခုနှစ်ကျမှသာ သမဝါယမဥပဒေ အတည်ပြု ပေါ်ထွက်လာခဲ့ကြောင်း။

ဈေးကွက်စီးပွားရေးစနစ်နှင့် အညီ စီးပွားရေးလုပ်ငန်းများ၊ စီးပွားရေး အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လာရန်အတွက် ၁၉၉၂ ခုနှစ် နှင့် အထွေထွေစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့အခမ်းအနားတွင် ၂၀၁၁ ခုနှစ် ဇွန် ၂၀ ရက်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားခဲ့သည့် မိန့်ခွန်းကို ကိုးကား ပြောကြားလိုကြောင်း၊ နိုင်ငံတော်သမ္မတက သမဝါယမအစုအဖွဲ့များဟာ အထက်မှအောက်သို့ အမိန့်ပေးစနစ် (Top Down Policy)ဖြင့် ဖွဲ့စည်းခြင်းထက် လက်အောက်ပါ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေသော Bottom Up Initiative ပုံစံဖြင့် ဖွဲ့စည်းကြရန် လမ်းညွှန်ပြောကြားခဲ့ကြောင်း၊ ထို့အပြင် လူထုအတွင်းမှ ယုံကြည်စိတ်ချရသော ပြည်သူများဖြင့် သမဝါယမအဖွဲ့များ ဖွဲ့စည်း၍ ပြည်နယ်/တိုင်းဒေသကြီးများ၌ လုပ်ငန်းကော်မတီများ ဖွဲ့စည်းရန် လိုအပ်ကြောင်း မိန့်ကြားခဲ့ကြောင်း၊ သို့မှသာ ကျေးလက်ဒေသများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုကိုခံစားပြီး ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်နိုင်မည် ဖြစ်ကြောင်း။

ယခုအခါ ကမ္ဘာ့စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် သမဝါယမများသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတော်သမ္မတ ဥက္ကဋ္ဌအဖြစ်ပါဝင်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဗဟိုကော်မတီကို ဖွဲ့စည်းထားရှိပြီး ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြသည့်အပြင် ကုလသမဂ္ဂ၏ ထောင်စုနှစ်ပန်းတိုင်များနှင့်အညီ အစိုးရအနေဖြင့် ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်များအတွင်း မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းမှာ ၃၂ ရာခိုင်နှုန်းမှ ၂၆ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သော်လည်း ၂၀၁၅ ခုနှစ် နောက်ဆုံးထား၍ ကုလသမဂ္ဂထောင်စုနှစ် ပန်းတိုင်ရည်မှန်းချက် (၁)ကို ပြည့်မီရန် ဆက်လက်ကြိုးပမ်းသွားရမည်ဆိုသည်ကို များစွာ သဘောပေါက်ဆောင်ရွက်လျက်ရှိကြောင်း။

ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် သမဝါယမအသင်းများ၏ လှုပ်ရှားမှုများသည် အရေးပါသောအခန်းကဏ္ဍက ရပ်တည်လျက်ရှိသည်ဟု ယုံကြည်ကြောင်း၊ ဤနေရာ၌ သမဝါယမအဖွဲ့များအနေဖြင့် လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဆက်လက်ဦးစားပေး ဆောင်ရွက်ရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်မှာ သမဝါယမလောကသားများက ဝီရိယစိုက်ထုတ်ပြီး အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြပါ။

လာမည့် ၂၀၁၂ ခုနှစ်ဟာ အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်ဖြစ်သည့်အတွက် လုပ်ငန်းဖြင့် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးကို တည်ထောင်နေကြောင်း၊ Co-operative Enterprises Build a New Better World ဆိုသည့်ဆောင်ပုဒ်နှင့် ယခုနှစ်ဆောင်ပုဒ်သည် လူငယ်အနာဂတ်သမဝါယမ (Youth the future of Co-operative Enterprises) တို့ဖြစ်သည်နှင့်အညီ သမဝါယမလှုပ်ရှားမှုများမှာ လူငယ်များ ပိုမိုပါဝင်လာကြပါ။ တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သမဝါယမ အဖွဲ့အစည်းများသည် ပြည်သူများနှင့်အတူ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပါဝင်ဆောင်ရွက်ကြပါ။ နောက်ဆုံးအနေဖြင့် သမဝါယမစနစ်၏ အနှစ်သာရနှင့် ကျင့်ဝတ်များ လွှမ်းခြုံနေသည့် ကောင်းမွန်သော သမဝါယမပုံရိပ်တစ်ရပ် ဖော်ဆောင်နိုင်ရန်အတွက် သမဝါယမအဖွဲ့အစည်းများအားလုံး အလေးအနက်ထား ကြိုးပမ်းဆောင်ရွက်ပါဟု မှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဗဟိုသမဝါယမအသင်း ဥက္ကဋ္ဌ ဦးခင်မောင်အေးက အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်က ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် သမဝါယမဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများဖြစ်ကြသော မောင်မိုးဇော်သက်၊ မောင်အောင်ဝေဖြိုးနှင့် မရွှေခိုင်လင်းတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးက ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် သမဝါယမဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီး ခြောက်ဦးတို့အား ဂုဏ်ပြုဆုများချီးမြှင့်သည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းတို့က ရန်ကုန်သမဝါယမ ဒီဂရီကောလိပ်၊ သမဝါယမကောလိပ် (မန္တလေး)၊ သမဝါယမကောလိပ် (စစ်ကိုင်း)၊ သမဝါယမကောလိပ် (ဖောင်ကြီး)နှင့် ယွန်းပညာကောလိပ်တို့မှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ထူးချွန်ကျောင်းသား၊ ကျောင်းသူ ၃၄ ဦးတို့အား ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် မြန်မာနိုင်ငံဗဟို သမဝါယမအသင်းဥက္ကဋ္ဌတို့က သမဝါယမ လုပ်ငန်းအလိုက် အောင်မြင်သောအသင်းများဖြစ်ကြသည့် ဇလွန်မြို့နယ် ကျုံရှု စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း၊ တောင်ငူမြို့နယ် ကေတုမတီငါးကုန်ထုတ်သမဝါယမအသင်း၊ ပြင်ဦးလွင်မြို့နယ် မြို့မဈေးကြီး ငွေစုငွေချေး သမဝါယမအသင်း၊ ရွှေပြည်သာမြို့နယ်မှ သတ္တုဗေဒ အင်ဂျင်နီယာ သမဝါယမအသင်းနှင့် ဓာတုအင်ဂျင်နီယာ သမဝါယမအသင်း၊ ညောင်ဦးမြို့နယ် မြင်းကပါ ယွန်းထည်ကုန်ထုတ်သမဝါယမအသင်း၊ အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းကျောင်းနှင့် ရန်ကုန်မြို့ ရွှေသက်တန့် သမဝါယမအသင်းတို့အား ဂုဏ်ပြုဆုများချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် ဓာတ်ပုံနှင့် ထုတ်ကုန်ပစ္စည်းပြပွဲတွင် ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃-၇-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၀ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၇း၅၅ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၁၀ ၈။ အကပြိုင်ပွဲ
- ၈း၂၀ ၉။ တေးဂီတအစီအစဉ်
- ၈း၃၀ ၁၀။ “ပြန်လည်တည်ထောင် ပြုစုပျိုးထောင်လျက်ရှိသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများ”
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ကြိုးတစ်မျှင်”(အပိုင်း-၅၆)**
- ၁၂း၃၀ ၅။ Golf Magazine (TV)
- ၁း၀၅ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း “နို့ရည်တစ်စက်” (ဟိန်းဝေယံ၊ စိုးမြတ်သူဇာ၊ မြတ်ကေသီအောင်၊ ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ-ရွှေအေးကို)**
- ၂း၄၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား မိုးရာတေးသံသာ
- ၂း၄၅ ၈။ အကပြိုင်ပွဲ
- ၂း၅၀ ၉။ International News
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၁၅ ၁။ ၂၀၁၄ World Cup အာရှဇုန် ပထမအဆင့် ဒုတိယအကျော့ ခြေစစ်ပွဲ ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာ့လက်ရွေးစင်အသင်းနှင့် မွန်ဂိုလီးယားလက်ရွေးစင်အသင်း)
- ၅း၁၅ ၂။ တေးဂီတအစီအစဉ်
- ၅း၂၅ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၃၀ ၄။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၄၅ ၅။ “သန့်စွာကိုင်လေစက္ကူငွေ”
- ၆း၀၀ ၆။ ညနေခင်းသတင်း
- ၆း၁၅ ၇။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၈။ **ကာတွန်းအစီအစဉ် “ကွမ်တမ်မင်း” (အပိုင်း-၂၅)**
- ၆း၄၀ ၉။ တစ်မျက်နှာ၊ တစ်ကွက်စာ “မျက်စောင်းတို့၏ ကောက်ကြောင်း” (မင်းသူ၊ ပွင့်နဒီမောင်၊ ဗိုလ်ဘီရီ(ခေတ်)) [ဒါရိုက်တာ-မေတင်(MMG)]
- ၇း၀၀ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်နဲ့အမုန်း” (အပိုင်း-၂၄)**
- ၈း၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ **ကာတွန်းအစီအစဉ် “တောကောင်ငယ် သိုင်းညီနောင်လေးများ” (ဒုတိယတွဲ)(အပိုင်း-၂၈)**
- ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရှုပ်ထွေးဆန်းကြယ်” (အပိုင်း-၂၀)**
- ၁၆။ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က စီစဉ်တင်ဆက်သော ၂၀၁၁ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် “မြတ်နိုးဖွယ်ရာ မေမြန်မာ ဆင်ယင်ခြယ်သ သုံးရာသီအလှ” ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ (အပိုင်း-၁)
- ၁၇။ အစီအစဉ်ပြီး၏။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း ၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသည့် သစ်ပင်စိုက်ပျိုးပွဲတွင် အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

ဇူလိုင်လ (၃) ရက်

❖ ကျောဖုံးမှ

ဒေါ်နန်းရွှေမှုန်တို့က ၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် အထိမ်းအမှတ်သစ်ပင်များကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းသည် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ဇနီး ဒေါ်ခင်စောနှင်းနှင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်တို့နှင့်အတူ သစ်ပင်စိုက်ပျိုးပွဲ၌ နှစ်ရှည်သီးနှံပင်များနှင့် နှစ်တိုပန်းအလှပင်များ စုစုပေါင်းသစ်ပင် ၃၄၆၈ ပင်ကို ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယကများ၊ ဥက္ကဌ ဒေါက်တာသက်သက်ဇင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ဝင်များက စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း ၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသည့် သစ်ပင်စိုက်ပျိုးပွဲတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ဝင်များ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)နှင့် မကွေးတိုင်းဒေသကြီးတို့၌ ဌာနဝန်ထမ်းများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် မွေး/ရေ ဒုတိယဝန်ကြီးတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၂

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ဇွန် ၂၆ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့ရှိ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများ၊ မွေးမြူရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ အသားကဏ္ဍထုတ်လုပ်မှုတိုးတက်စေရေးနှင့် မွေးမြူရေးခြံစခန်းများ၌ ဇီဝလုံခြုံမှု အလေးပေးဆောင်ရွက်ရေး အခြေအနေများ ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် သာယာဝတီခရိုင် အုတ်ဖိုမြို့နယ်ရှိ ငါးလုပ်ငန်းဦးစီးဌာန အုတ်ဖိုငါးလုပ်ငန်းစခန်းသို့ ရောက်ရှိပြီး မျိုးငါးသားပေါက်များ ထုတ်လုပ်ထားရှိမှု၊ ငါးမှုန်၊ ငါးသန်များ ပြုစုမွေးမြူထားရှိမှု၊ မြစ်ချောင်း၊ အင်းအိုင်၊ ဆည်တမံများနှင့် သဘာဝရေရိုးများ၌ အများပြည်သူရှာဖွေစားသုံးနိုင်ရန်နှင့် ငါးသယံဇာတ တိုးပွားနိုင်ရေး ငါးမျိုးစိုက်ထည့်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ငါးသားပေါက်ရာသီချိန်မီ အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၌ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့်တစ်နိုင်တစ်ပိုင်မွေးမြူရေး လုပ်ကိုင်သည့် မွေးမြူရေးတောင်သူများအားလည်းကောင်း၊ ညနေပိုင်းတွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအားလည်းကောင်း တွေ့ဆုံခဲ့သည်။

(သတင်းစဉ်)

ဗိုလ်တထောင်မြို့နယ် အထက(၆) အောင်ကျော်ခန်းမ၌ ဇွန် ၂၁ ရက်က မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ်ဆိုးကျိုးများနှင့် ပတ်သက်၍ ပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသက်ထွန်း ပညာပေးဟောပြောစဉ်။ (ကြေးမုံ)

မအူကုန်းရပ်ကွက် စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂

ရန်ကုန်မြို့ တာမွေမြို့နယ် မအူကုန်းရပ်ကွက် မွှာရုံစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပမည့် (၂၁)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၅ ရက် (သောကြာနေ့) နံနက် ၉ နာရီတွင် မအူကုန်းမွှာရုံ၌ ကျင်းပမည်ဖြစ်ရာ အတွင်းရေးမှူး ဦးအောင်မျိုးမင်း ဖုန်း-၀၉-၅၁၉၆၈၂၂၊ ပြန်ကြားရေးမှူး ဦးမြင့်စိုး ဖုန်း-၂၀၀၈၉၈ နှင့် အမှုဆောင်ဦးညိုထွန်း ဖုန်း-၀၉-၅၀၄၉၂၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ချစ်သောစံပယ် ပွင့်ပါကွယ်

* "တစ်ပွင့်ပန်ချင်တယ်...
တစ်ပွင့်ထဲပန်မယ်...
ငွေသားန ဝတ်လှာရယ်...
စံပယ်တို့လို ဖွေးဖွေးလွလွ"
အစရှိသည်၊ ပုလဲသီသို့
ချိုကြည်အေးနွဲ့၊ သံစဉ်လဲ့နှင့်
တေးဖွဲ့ယှက်သွယ်၊ လုသွေးကြွယ်သည့်
စံပယ်သီချင်း၊ ငယ်စာရင်းမှ
ရင်တွင်းခုတိုင်၊ သင်းပျံ့ကြိုင်ဆဲ
မေ့နိုင်ဖို့ဝေး၊ စံပယ်လေးကို
တွေးတိုင်း ဥပမာ၊ နှိုင်းမိပါသည်
မြန်မာမလေး နယ်ပါတကား။

* စံပယ်ဟူသည်၊ ပွင့်ငုံစီ၍
တူညီပွင့်နုန်း၊ တစ်ပင်လုံးတည့်
ရွှင်ပြုံးတုလွတ်၊ ဖွေးဖွေးဆွတ်သည်
ညီညွတ်မှုနှင့် သာတကား။

* စံပယ်ဟူငြား၊ ထွေပြားဝါနီ
မရှိပြီတည့်၊ ခြယ်သည်တစ်ရောင်
ဆောင်သည်တစ်သွင်၊ ရှုတိုင်းယဉ်သည်
ဖြူစင်မှုနှင့်သာတကား။

* စံပယ်ဟူက၊ ဘယ်မျှသေးသေး
မမွှေးဘယ်ခါ၊ မရှိပါတည့်
ချပ်လှာဆင့်ဆင့်၊ ငုံအာလင့်သော်
တစ်ပွင့်လည်းထုံ၊ တစ်ငုံလည်းသင်း
တစ်ခင်းလည်းလွင်၊ မြတ်မိခင်ကို
ဂုဏ်အင်မြင့်မား စေသည်တကား။

* သြော်...ညီညွတ်ခြင်းကို၊ ဖွင့်ဟဆိုသော
ဖြူစင်ခြင်းကို၊ ဖော်ကျူးလိုသော
မိခင်မြေကို၊ ဂုဏ်မြင့်လိုသော
ထိုစံပယ်မှာ၊ နှိုင်းစရာကား
မြန်မာမလေး၊ လုယဉ်ကျေးနှင့်
သွေးရောင်တူမျှ၊ မွှေးကြူစွမို့
ကာလခုခါ၊ တို့ပြည်သာဝယ်
ကလျာနွယ်မျိုး၊ စံပယ်ဦးတို့
အထူးဂုဏ်တင့်၊ မျိုးဂုဏ်မြင့်ဖို့
မြော်ချင့်တတ်သော၊ မြတ်မနောဖြင့်
ချစ်သောစံပယ် ပွင့်ပါကွယ်။ ။

**(၂၀၁၁ ခုနှစ် ဇူလိုင်လ ၃ ရက်
မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်)**

မြင်းမူမောင်နိုင်မိုး

၂၀၁၁ ခုနှစ် သစ်တောရေးရာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂

၂၀၁၁ ခုနှစ် သစ်တောရေးရာဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၇ နာရီ ၁၅ မိနစ်တွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ ဆာဖာရီဥယျာဉ် (နေပြည်တော်)၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ ပိတောက်ပင်ကို စိုက်ပျိုးပေးသည်။

ယင်းနောက် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် တက္ကသိုလ်များမှ တာဝန်ရှိသူများက သတ်မှတ်နေရာအသီးသီး၌ အထိမ်းအမှတ် သစ်ပင်ပျိုးပင်များ စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဝန်ထမ်းများ သစ်ပင်ပျိုးပင်စိုက်ပျိုးနေမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးကြသည်။

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ယခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေ၊ စိန်ပန်း၊ မဟော်ဂနီ၊ မဲဇလီ၊ မည်စည်၊ ကံ့ကော်၊ အင်ကြင်း၊ တရုတ်တည်စသည့် သစ်ပင်ပျိုးပင် ၁၀၅၀ ကျော်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၃

၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ နီကိုလေဗစ်ချ် မာတီနော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ၂၀၁၁ ခုနှစ် သစ်တောရေးရာဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သစ်ပင်စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ရောက်ရှိနေသည့် ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး The Honourable Kevin Rudd MP ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Bronte Moules နှင့် သံရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ခုနစ်နှစ်လီတစ်ဆယ့်လေး ဝတ္ထုတိုပေါင်းချုပ် စာအုပ်ထုတ်ဝေဖြန့်ချိ

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာရေးဆရာအလွှာမှ ဦးစီး၍ ခုနစ်နှစ်လီတစ်ဆယ့်လေး စာအုပ်ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ အမျိုးသားစာရေးဆရာ ခုနစ်ဦး၊ အမျိုးသမီးစာရေးဆရာ ခုနစ်ဦးတို့၏ အသစ်စက်စက် ဝတ္ထုတို ၁၄ ပုဒ်ဖြစ်ပြီး လယ်တွင်းသားစောချစ်၊ ချစ်ဦးညို၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ နန္ဒာမိုးကြယ်၊ မောင်ခြိမ့်၊ ချစ်ကိုကိုယု၊ ကြူကြူသင်း၊ ခင်ဆွေဦး၊ မစန္ဒာ၊ မြသန္တာ၊ မနှင်းဖွေး၊ ယဉ်ယဉ်နု(မန္တလေး)၊ ရွှေသဥ္ဇာ အစရှိသော စာရေးဆရာ၊ စာရေးဆရာမများ ပါဝင်သည်။ အဆိုပါစာအုပ်ကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်း စာပေဗိမာန်အဆောက်အအုံ ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂ နှင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းကြေးအိုးနှင့် ရန်ကင်းပညာရေးကောလိပ်ကြား သစ္စာလမ်းမကြီး ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀ နှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

လွမ်းငွေ့တဝေဝေနှင့် အခြားဝတ္ထုတိုများ စာအုပ်ထွက်ရှိ

ခင်နှင်းဦး၏ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် နှစ်လည်မဂ္ဂဇင်း၊ သောင်းပြောင်းထွေလာရယ်စရာ မဂ္ဂဇင်း၊ ပြည်ကောလိပ်နှစ်လည်မဂ္ဂဇင်း၊ ရှုမဝ ရုပ်စုံမဂ္ဂဇင်း၊ မိုးဝေမဂ္ဂဇင်း၊ ရန့်သစ်မဂ္ဂဇင်း၊ စံပယ်ဖြူမဂ္ဂဇင်း၊ ရင်ခုန်ပွင့်မဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်း၊ သူရဇ္ဇမဂ္ဂဇင်း၊ ရတီမဂ္ဂဇင်းတို့မှ ဝတ္ထုတိုများ စုစည်းမှု စာအုပ် ပုဂံစာအုပ်တိုက်မှ ထွက်ရှိလာသည်။ ထိုစာအုပ်တွင် လွမ်းငွေ့တဝေဝေ၊ အိပ်မက်ခဏမက်ချင်တယ်၊ ညနေစာ၊ ဆင်ခြေ၊ ဒုံးဝေးသူ၊ ဘိုးတော်ဝိုင်း၊ ပေးအပ်ခြင်းနှင့် ရယူခြင်း၊ အနိုင်နှင့်အရှုံး၊ သမီးရှင်၊ လွတ်မြောက်သူ၊ ချစ်သူမောင်နှမ စသည့် ရသမြောက် ဝတ္ထုတိုများ ပါဝင်သည်။

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များဖြင့် အထူးစည်ကားလျက်ရှိ

နေပြည်တော် ဇူလိုင် ၂

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ ဒုတိယနေ့ကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ကျောက်မျက်ရတနာပြတိုက်အနီးရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ယနေ့ (ဒုတိယနေ့)တွင် နံနက် ၈ နာရီမှ စတင်၍ ပြည်တွင်းပြည်ပမှ ကျောက်မျက်ရတနာ ကုန်သည်များသည် ခင်းကျင်းပြသထားသော အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းအဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုအပ်သည်များကို လိုက်လံကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ထို့အတူ နံနက် ၈ နာရီတွင် ပုလဲအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် စတင်ရောင်းချရာ ပုလဲအတွဲပေါင်း ၁၇၁ တွဲ ရောင်းချခဲ့ရကြောင်း သိရှိရသည်။

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲတွင် ကျောက်စိမ်းအတွဲ ၂၂၃၁၇ တွဲ၊ ကျောက်မျက်အတွဲ ၂၈၄ တွဲနှင့် ပုလဲအတွဲ ၃၅၅ တွဲကို ပြသရောင်းချသွားမည်ဖြစ်ပြီး ပုလဲအတွဲများကို ဇူလိုင် ၃ ရက် နံနက်ပိုင်းအထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း၊ ကျောက်မျက် အတွဲများကို ဇူလိုင် ၄ ရက်တွင် အိတ်ဖွင့်တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲများကို ဇူလိုင် ၃ ရက်မှ ၉ ရက်အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လည်းကောင်း၊ ဇူလိုင် ၁၀ ရက်မှ ၁၃ ရက်အထိ ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း ရောင်းချသွားမည်ဖြစ်ပြီး အထူးရောင်းချပွဲသို့ ပြည်ပရတနာကုန်သည် ၄၆၅၉ ဦးနှင့် ပြည်တွင်း ရတနာကုန်သည် ၄၄၅၄ ဦး တက်ရောက်ကြသည်။

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲကို ဇူလိုင် ၁၃ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ ဒုတိယနေ့၌ ပြည်တွင်းပြည်ပမှ ကျောက်မျက်ရတနာကုန်သည်များ အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ပုလဲအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ခရီးသွားပြပွဲနှင့် အစားအစာပြပွဲသို့ နိုင်ငံခြားသားဧည့်သည်များ စိတ်ဝင်တစား လာရောက်ကြည့်ရှု

နေပြည်တော် ဇူလိုင် ၂

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ဇူလိုင် ၁ ရက်မှ ၁၃ ရက်အထိ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ကျင်းပသည့် နေပြည်တော် ခရီးသွားပြပွဲနှင့် အစားအစာပြပွဲသို့ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲ အထူးရောင်းချပွဲ တက်ရောက်လာသော ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာကြသည်။

နိုင်ငံခြားသား ဧည့်သည်များသည် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့နှင့် ယင်းအဖွဲ့အောက်ရှိ အသင်း ၁၁ သင်း၊ ဟိုတယ်ဇုန် ၁၁ ဇုန်တို့က ခင်းကျင်းပြသထားသော ဓာတ်ပုံ၊ ပန်းချီ၊ နမူနာ ပုံစံငယ်၊ မြန်မာ့ရိုးရာ အနုပညာလက်ရာများကို စိတ်ဝင်တစားကြည့်ရှုကြပြီး ရောင်းချပေးသည့် စားသောက်ဆိုင် ၂၄ ဆိုင်တို့မှ မြန်မာ့ရိုးရာစားသောက်ဖွယ်ရာများ အပါအဝင် သန့်ရှင်းလတ်ဆတ်သောအစားအစာများကိုလည်း ဝယ်ယူစားသုံးခဲ့ကြသည်။ (သတင်းစဉ်)

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅) ကြည်း၊ ရေ၊ လေ ကျောင်းဆင်းအရာရှိများက (၁၈)နှစ်မြောက် နှစ်ပတ်လည် အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ် ၁၁ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးညွှန့် လက်ခံစဉ်။
(ဇီဝိတဒါနသံဃာ့ဆေးရုံ)

မိုးနှင့်အတူ .....

မောင်စိုး
(ကယ်ဆယ်ရေး)

ဥတုနိယာမသဘောတရားအရ မိုးရာသီမှာ မိုးရွာသည်က အဆန်း မဟုတ်ပါ။ သို့သော် ပုံမှန်ရွာသွန်းသည်ထက် ပိုလာရင်တော့ နောက်ဆက်တွဲ ဖြစ်လာနိုင်တဲ့ ဖြစ်ရပ်များကို သတိပြုကြရမှာဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်း ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင်ဆိုသည့် ဆိုရိုးစကားထက် အချိန်အနည်းငယ် စောလို့ မိုးကောင်းနေပြီဖြစ်ပါတယ်။ ဝါဆိုလဆန်းစပင် ရှိသေးသည်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်တဲ့ မြစ်ရေကြီးခြင်း သတိပေးချက်တွေကို မီဒီယာများမှာ တွေ့လာရတာ၊ သံလွင်မြစ်၊ ချင်းတွင်းမြစ်၊ ငဝန်မြစ်၊ လှိုင်းဘွဲ့မြစ်ရေများ တိုးနေတဲ့အတွက် ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ အချို့သောနေရာများ ရေလွှမ်းနေတာတွေကို တွေ့ရတာမို့ ပြည်သူလူထုအတွက် မြစ်ရေကြီးခြင်းဆိုင်ရာ အသိများ ကြိုတင်မျှဝေပေးရန် တာဝန်ကျရောက်လာပါတော့တယ်။

ကမ္ဘာနှင့်အဝန်းဖြစ်နိုင်တဲ့သဘာဝဘေးအန္တရာယ်များမှာ ရေကြီးခြင်း ပါဝင်နေပါတယ်။ ဖွံ့ဖြိုးပြီး နိုင်ငံများရော ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံးမှာပါ ရေကြီးခြင်းဒုက္ခကို ရင်ဆိုင်နေကြရတာပါ။ အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှာလည်း လက်ရှိအခြေအနေမှာကို ရေကြီးမှုကြောင့် ပြည်သူ ငါးသိန်းခွဲကျော်ကို ရေလွတ်ရာနေရာတွေကို ရွှေ့ပြောင်းပေးရမှုရှိနေပါတယ်။ မှတ်တမ်းများအရ ကမ္ဘာ့တစ်ဝန်း ဘေးဒုက္ခကြောင့် လူအသေအပျောက်အများဆုံး ဖြစ်ရပ် ၁၀ ခုအနက် တရုတ်ပြည်မှာ ၁၈၈၇ ခုနှစ်က ရေကြီးမှုကြောင့် လူပေါင်း သုံးသန်းသေဆုံးခဲ့ပြီး ၁၉၃၁ ခုနှစ် နိုဝင်ဘာလအတွင်း ယန်စီမြစ်ရေလွှမ်းမှုကြောင့် လူပေါင်း ၁၄၅၀၀၀ ကျော်သေခဲ့ရတာ၊ ၁၉၉၁ ခုနှစ်ကျပြန်တော့လည်း မြစ်ဝါမြစ်ရေလွှမ်းလို့ လူပေါင်း တစ်သန်းနီးပါး အသက်ဆုံးရှုံးခဲ့ရတာတွေ ပါဝင်နေတာတွေ့ရပါတယ်။ ယခု ၂၀၁၁ ခုနှစ် ဇွန်လအတွင်းမှာကိုပဲ တာဂျစ်ကစ္စတန်၊ ဟေတီ၊ ဒိုမီနီကန်၊ သီရိလင်္ကာ၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယားနိုင်ငံများနဲ့ အမေရိကန်ပြည်ထောင်စု မြောက်ဒါကိုတာပြည်နယ်က ရေကြီးမှုသတင်းတွေ၊ အသက်အိုးအိမ်ဆုံးရှုံးမှုတွေကို မြင်ရ၊ ကြားရပြန်ပါတယ်။

ရေလွှမ်းမိုးမှုဘေးဟာ မြန်မာနိုင်ငံအတွက် အဓိကဘေးရန်တွေထဲက မီးဘေး၊ မုန်တိုင်းဘေးပြီးရင် တတိယအများဆုံးဖြစ်ပြီး ဘေးအန္တရာယ်အားလုံးရဲ့ ၁၁ ရာခိုင်နှုန်းရှိနေပါတယ်။ လွန်ခဲ့တဲ့ ၁၀ နှစ် ကျော်ကာလအတွင်း ရေကြီးမှုကြောင့် ဆုံးရှုံးမှုအများဆုံး ဖြစ်ခဲ့ရတာကတော့ ၁၉၉၇ ခုနှစ်မှာ ပြည်နယ်/တိုင်းဒေသကြီး ၁၂ ခုက မြို့နယ် ၄၉ ခုမှာ ပြည်သူ ၂၄၇ ဦး သေဆုံးမှုရှိခဲ့တယ်ဆိုတာ မှတ်တမ်းများမှာ တွေ့နေရပါတယ်။ ၂၀၁၀ ခုနှစ် ဇွန်လအတွင်း ရေကြီးရာက မြေပြိုမှုဘေးကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ လူ၊ တိရစ္ဆာန်နဲ့ လမ်း၊ တံတား၊ လူနေအိမ် အဆောက်အအုံတွေ ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ပါသေးတယ်။ သာမန်အားဖြင့် မြန်မာနိုင်ငံမှာ မေလမှ အောက်တိုဘာလအတွင်း မိုးရွာသွန်းလေ့ရှိပြီး ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာ နှောင်းပိုင်းမှ အောက်တိုဘာလအတွင်း ရေလွှမ်းမိုးမှု ကြုံရတတ်ပါတယ်။ အထူးသဖြင့် ဩဂုတ်လ မုတ်သုံမိုး အများဆုံးရွာသွန်းချိန်မှာ ရေလွှမ်းမိုးမယ့် အန္တရာယ်အမြင့်ဆုံးဖြစ်ပါတယ်။ ယေဘုယျအားဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသရှိ မြစ်ကြီးများအတွင်း ရေစီးဝင်တဲ့ ရေဝေရေလဲဒေသတွေဖြစ်တဲ့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး တစ်ဝန်း ပါဝင်နေလို့ နိုင်ငံရဲ့ ၆၀ ရာခိုင်နှုန်းဟာ ရေလွှမ်းမိုးမှုဖြစ်နိုင်ကြောင်း တွေ့ရပါတယ်။ မြစ်ဝကျွန်းပေါ်တောင်ပိုင်းလိုနေရာများမှာ ဒီရေတက်ချိန်နဲ့ မြစ်ရေစီးဆင်းချိန်တိုက်ပြီဆိုရင် ရေကြီးလာပါတယ်။ တာတမံတွေဖို့ပြီး ရေလွှမ်းမိုးမှုကို ကာကွယ်ပေမယ့် ရေကျော်ပြီးတာတမံကျိုးတာကြောင့် အသက်အိုးအိမ်၊ ပစ္စည်းဥစ္စာဆုံးရှုံးမှု ဖြစ်ပွားတတ်ပါတယ်။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နဲ့ ချင်းပြည်နယ်လို တောင်ပေါ်ဒေသများမှာ လျှပ်တစ်ပြက်ရေကြီးတတ်ပါတယ်။ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးလို ကမ်းရိုးတန်းဒေသများမှာ ဆိုင်ကလုန်းမုန်တိုင်းရဲ့ နောက်ဆက်တွဲ မုန်တိုင်းဒီရေကြောင့် ရေကြီးခြင်းဖြစ်နိုင်ပါတယ်။

ရေလွှမ်းမိုးခြင်း၊ ရေကြီးခြင်းဆိုတာ အချိန်ကာလတစ်ခုအတွင်း မြစ် (သို့မဟုတ်) ရေအရင်းအမြစ်တစ်ခုမှ ရေတွေမြင့်တက်လာတာ၊ လျှံတက်လာတာကို ပြောတာပါ။ ဘယ်အချိန်မဆို ရေစုစုပေါင်းပမာဏဟာ မြစ်ချောင်းရဲ့ ရေစီးဆင်းနိုင်စွမ်းထက် ကျော်လွန်များပြားရင် ရေလွှမ်းမိုးမှု၊ ရေကြီးမှု ဖြစ်တော့တာပါ။ ရေလွှမ်းမိုးခြင်း၊ ရေကြီးခြင်း အဓိကအကြောင်းရင်းတွေ အနေနဲ့ မိုးသည်းထန်စွာ မပြတ်ရွာသွန်းခြင်း၊ ရေစီးဆင်းမှုစနစ်များ ညံ့ဖျင်းခြင်း၊ မြေပြိုခြင်းကြောင့် မြစ်လမ်းကြောင်းပိတ်ဆို့ခြင်း၊ မြစ်ကျဉ်းမြောင်းခြင်း၊ မြစ်လမ်းကြောင်း ပြောင်းလဲခြင်း၊ တာတမံများ၊ ရေကာတာများ၊ တူးမြောင်းများဆောက်ရာမှာ အင်ဂျင်နီယာဒီဇိုင်းပုံစံထုတ်မှု အားနည်းခြင်း၊ ဒီရေတောနှင့် အပူပိုင်းဒေသ သစ်တောများ ပျက်စီးပြီး ပြန်မပေါက်တော့ခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် အမြစ်စနစ်ပျက်ပြားခြင်း၊ အနည်ကျခြင်း(သို့မဟုတ်) မြစ်ကြမ်းပြင်နုန်းပို့ချခြင်း၊ မြို့ပြတွေ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရာမှာ ရေစီးဆင်းမှုစနစ်မကျခြင်း၊ မုန်တိုင်းဒီရေတက်ခြင်းနှင့် ဆူနာမီ ရေလှိုင်းဒဏ်ခံရခြင်းတို့ ပါဝင်နေပါတယ်။

သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုနဲ့ ပြောင်းလဲနေတဲ့ ကမ္ဘာ့ရာသီဥတု အခြေအနေများအရ သဘာဝဘေးထဲကတစ်ခုဖြစ်တဲ့ ရေကြီးခြင်း၊ ရေလွှမ်းခြင်းဒဏ်ကို ကမ္ဘာ့နိုင်ငံအားလုံးရင်ဆိုင်ပြီး ကျော်လွှားနိုင်ဖို့ ကြိုးစားနေကြရပါတယ်။ မြန်မာနိုင်ငံမှာလည်း ရေကြီး၊ ရေလွှမ်းမိုးမှု အပါအဝင် သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ အသင့်ပြင်ဆင်ပြီးမို့ စိုးရိမ်ဖို့တော့မဟုတ်ပါဘူး။ မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ရဲ့စီမံမှုနဲ့ ၂၀၁၁ ခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှာ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေနဲ့ ပြည်သူလူထုအတွင်း သဘာဝဘေးစီမံခန့်ခွဲမှု သင်တန်းများ ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။ သင်တန်းသားများအနေနဲ့ သင်တန်းက ရရှိလာတဲ့ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာရပ်တွေကို သက်ဆိုင်ရာဒေသတွင်းမှာ ဘေးဒုက္ခများ ရင်ဆိုင်ကြုံတွေ့လာရတဲ့အခါမှာ လက်တွေ့အသုံးချတတ်ဖို့တော့ လိုပါတယ်။

ရေကြီးမှုဖြစ်ပြီဆိုတာနဲ့ နောက်ဆက်တွဲဆိုးကျိုးများအဖြစ် မြေပြိုခြင်း၊ လမ်းတံတားပျက်စီးပြီး လမ်းပန်းဆက်သွယ်မှုပြတ်တောက်ခြင်း၊ စိုက်ပျိုးသီးနှံတွေ ရေမြုပ်ပျက်စီးလို့ စားနပ်ရိက္ခာတွေ ရှားပါးခြင်း၊ သန့်ရှင်းသော သောက်သုံးရေလုံလောက်မှုမရှိခြင်းနဲ့ ဝမ်းရောဂါဖြစ်ပွားခြင်းတို့ပါ ဖြစ်နိုင်ပါတယ်။

ဒီလိုအန္တရာယ်ကျရောက်တော့မယ်ဆိုရင် ရဟန်းရှင်ပြည်သူတွေ သိစေနိုင်ဖို့ ကြိုတင်သတိပေးချက် ထုတ်ပြန်ခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်ခြင်း၊ စား၊ ဝတ်၊ နေရေးအတွက် ကူညီထောက်ပံ့မှုတွေပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဘေးဒုက္ခခံရမှုအနည်းဆုံး၊ အသက်သာဆုံးဖြစ်အောင် ပျက်စီးဆုံးရှုံးမှု လျော့နည်းအောင်လုပ်ခြင်း စတာတွေကို ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အဆင့်သာမက ပြည်နယ်/တိုင်းဒေသကြီးအလိုက် ကော်မတီတွေ ဖွဲ့စည်းပြီး လူအား၊ ပစ္စည်းအား၊ ငွေအား ဘက်စုံပြင်ဆင်ပြီးသားလည်းဖြစ်ပါတယ်။

ဒီနေရာမှာ အရေးကြီးတာကတော့ ရေဘေးကျရောက်နိုင်မှုရှိတဲ့ ဒေသနေပြည်သူတွေအနေနဲ့ ရေဘေးနဲ့ ပတ်သက်တဲ့ အသိပညာတွေရှိနေပြီး ကြိုတင်ပြင်ဆင်မှုအပိုင်း၊ ရေဘေးဖြစ်ပွားစဉ် ဆောင်ရွက်ရမယ့်အပိုင်း၊ ရေဘေးဖြစ်ပွားပြီးနောက်ပိုင်း ဆောင်ရွက်ရမယ့်အပိုင်းတွေမှာ သက်ဆိုင်ရာဒေသအာဏာပိုင်တွေရဲ့ အကူအညီပေးမှု၊ လမ်းညွှန်မှုတွေကို လိုက်နာလုပ်ဆောင်ဖို့ပါ။

ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဦးစီးဌာနနဲ့ ကုလသမဂ္ဂ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှု အစီအစဉ်တို့ရဲ့ ပူးပေါင်းဆောင်ရွက်မှုအရ ပြည်သူလူထုကို ရေဘေးနဲ့ပတ်သက်တဲ့ ဘေးအန္တရာယ်လက်စွဲစာစောင်နဲ့ လက်ကမ်းစာစောင်တွေ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယခုလည်း မိုးရာသီရေကြီးမှု ဖြစ်ပွားတတ်တာမို့ ထပ်မံအသိပေးလိုပါတယ်။

ရေလွှမ်းမိုးတတ်တဲ့နယ်မြေဒေသမှာ နေထိုင်သူများ ကြိုတင်ပြင်ဆင်ရေး လုပ်ဖို့ နည်းလမ်းတွေထဲမှာ နေအိမ်အဆောက်အအုံကို မြှင့်ပြီးဆောက်ခြင်း၊ ရေလွှမ်းမိုးဒဏ်ခံနိုင်တဲ့ ပစ္စည်းကိရိယာများသုံးပြီးဆောက်ခြင်း၊ အစားအစာသိုလှောင်ရန် စင်မြင့်(ကျပ်ခိုးစင်)များကို ကြိုတင်ပြင်ဆင်ထားခြင်း၊ သောက်ရေစုဆောင်းရန်နဲ့ လိုအပ်ရင် အသက်ကယ်ပစ္စည်းအဖြစ် အသုံးပြုနိုင်မယ့် ပလတ်စတစ်ရေပုံးများ စုဆောင်းထားခြင်း၊ ရေလွှမ်းမိုးမှုကြုံတွေ့ချိန်မှာ အသုံးပြုဖို့ အရေးပေါ်အိတ်ပြင်ဆင်ခြင်း စတာတွေ ပါဝင်ပါတယ်။ အရေးပေါ်အိတ်ထဲမှာ အလွယ်တကူသယ်နိုင်တဲ့ ရေဒီယိုနဲ့ လက်နှိပ်ဓာတ်မီး၊ ဓာတ်ခဲအသစ်အနည်းငယ်၊ ဖယောင်းတိုင်နဲ့ ရေစိုခံမီးခြစ်များ၊ ရှေးဦးသူနာပြုဆေးသေတ္တာ (လိမ်းဆေး၊ ပတ်တီး)၊ ဓာတ်ဆားထုပ်များ၊ အအေးမိ၊ ချောင်းဆိုး၊ ဝမ်းလျှော၊ ခေါင်းကိုက်၊ ဖျားခြင်းနှင့် အခြားအဖြစ်များတဲ့ရောဂါများအတွက် မရှိမဖြစ်လိုအပ်တဲ့ဆေးဝါးများ၊ အသုံးအဆောင်များ၊ ခိုင်ခံ့တဲ့ဖိနပ်များနဲ့ ရော်ဘာလက်အိတ်တွေ၊ စာရွက်စာတမ်းနှင့် ရေစိုခံအိတ်၊ လူတစ်ကိုယ်ခံနိုင်ရည်ရှိတဲ့ ပေ ၃၀ ခန့်အရှည် ပလတ်စတစ်ကြိုးခွေတစ်ခွေ၊ အရေးပေါ်ဆက်သွယ်ဖို့ တယ်လီဖုန်းနံပါတ်နဲ့ လိပ်စာများ ထည့်သွင်းပြီး အသင့်ဆောင်ထားရန် ဖြစ်ပါတယ်။

ရေကြီးတော့မယ်ဆိုတဲ့ သတိပေးချက်ရပြီဆိုတာနဲ့ မြင့်တက်လာတဲ့ ရေရဲ့အခြေအနေကို စောင့်ကြည့်ပြီး အရေးပေါ်ညွှန်ကြားချက်ရနိုင်ဖို့ ရေဒီယိုနားထောင်၊ သတင်းစာဖတ်၊ ရုပ်မြင်သံကြား ကြည့်ရှုပါ။ အစားအစာ၊ ဆေးဝါး၊ သောက်ရေတို့နဲ့အတူ လုံခြုံစိတ်ချရတဲ့ အဆောက်အအုံ၊ ကုန်းမြေပြင်ကို အချိန်မီပြောင်းရွှေ့ပါ။ ကျွဲ၊ နွား တိရစ္ဆာန်များလည်း ကုန်းမြင့်ကို ရွှေ့လိုက်ပါ။ သစ်တုံး၊ ဝါးဖောင်ငယ်၊ ကားတာယာကျွတ်၊ ဗောကွင်း၊ လူတစ်ကိုယ်နိုင်တဲ့ ဝါးပိုးဝါးအဆစ်နဲ့ ငှက်ပျောတုံးတွေဆောင်ထားပါ။ သွားလာရေးအတွက် လှေ၊ ပဲ့ထောင်၊ စက်သုံးဆီများ ကြိုတင်စီစဉ်ထားပါ။ ကလေးသူငယ်တွေ ရေစီးထဲမျောပါမှာစိုးပြီး ကြိုးနဲ့ချည်ထားတာ၊ မိသားစုအလိုက် ချည်နှောင်ထားတာတွေကို ရှောင်ရှားပါ။ လိုအပ်လာရင် ရေကြီးမှုကြောင့် လမ်းတွေ ရေမလွှမ်းသွားမီ ဘေးကင်းရာကို ကြိုတင်ရွှေ့တာ အကောင်းဆုံးပါ။

ရေကြီး၊ ရေလွှမ်းလာရင်တော့ မြစ်ရေအခြေအနေ သတင်းထုတ်ပြန်ချက်ကို အမြဲနားထောင်ပါ။ ရေကြီးနေတဲ့ နေရာတွေကို လမ်းလျှောက်သွားခြင်းမှ ရှောင်ပါ။ ခြောက်လက်မမြင့်တဲ့ ရေစီးဟာ လူကိုမျောပါစေနိုင်တာကြောင့် ရေထဲဖြတ်ကူးခြင်း၊ ဖြတ်လျှောက်ခြင်းများမပြုပါနဲ့။ မလွှဲမရှောင်သာလျှောက်မယ်ဆိုရင်တော့ တုတ်နဲ့စမ်းထောက်ပြီးမှသွားပါ။ မြွေနဲ့အဆိပ်ရှိသတ္တဝါတွေရဲ့ အန္တရာယ်တွေကိုလည်း သတိထားရှောင်ရှားရမယ်။ လျှပ်စစ်အန္တရာယ်မှ ကင်းဝေးဖို့ မီးကြိုး၊ မီးတိုင်များနဲ့ ဝေးဝေးမှာနေတာ အကောင်းဆုံးပါ။ ရေချိုရဖို့ မိုးရေစုပါ။ ရေကိုကျိုချက်ပါ။ မလတ်ဆတ်တဲ့အစာတွေ ဝယ်မစားပါနဲ့။ ရေကြီးချိန် ရောဂါကြောင့်ဖြစ်တဲ့ တိရစ္ဆာန်အသေကောင်တွေ မစားပါနဲ့။ ရေကြီးနေစဉ် သက်ဆိုင်ရာက ဘေးကင်းရာရွှေ့ဖို့ အကြံပြုရင်လည်း တာဝန်ရှိသူများကို အသိပေးပြီး မိမိရွှေ့ပြောင်းမယ့်နေရာကို အသေးစိတ်ပြောခဲ့ပါ။ အဖိုးတန်ပစ္စည်းနဲ့ စာရွက်စာတမ်းတွေကို စုဆောင်းပြီး ရေလွှမ်းနိုင်တဲ့အမြင့်ထက် ပိုမြင့်တဲ့နေရာမှာ စနစ်တကျ စုပုံထားပါ။ လျှပ်စစ်ဓာတ်အား၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်း၊ ရေပိုက်လိုင်းများကို ပိတ်ပါ။ အိမ်ရဲ့ပြတင်းတွေနဲ့ တံခါးတွေကိုလည်း သော့ခတ်ပြီး ပိတ်ခဲ့ပါ။ ရေကြီး၊ ရေလွှမ်းပြီး ရေများကျဆင်းသွားရင်တော့ အလျင်စလို အိမ်မပြန်ဘဲ တာဝန်ရှိသူတွေက အန္တရာယ်မရှိကြောင်း ကြေညာမှ အိမ်ကိုပြန်ပြီး မိသားစုဝင်တွေ စုံ၊ မစုံ စစ်ဖို့လိုပါတယ်။ ပြီးရင် ကိုယ့်မိသားစုဝင်တွေအားလုံး ကျန်းမာရေးစစ်ဆေးပြီး လိုအပ်ရင် ဆေးရုံ၊ ဆေးခန်းမှာ ကုသမှုခံယူရပါမယ်။ မိမိအိမ်ခြံလမ်း၊ ရပ်ကွက်/ကျေးရွာအတွင်း သန့်ရှင်းရေးဆောင်ရွက်ပါ။ ရေနစ်မြုပ်ခဲ့တဲ့ လျှပ်စစ်ပစ္စည်းတွေရှိခဲ့ရင်လည်း ကျွမ်းကျင်သူနဲ့ သေချာစစ်ဆေးပြီးမှ အသုံးပြုရမှာဖြစ်ပါတယ်။ ဒါ့အပြင် ရေကြီးထားတာကြောင့် လမ်း၊ တံတား၊ အိမ်တွေ ခိုင်မာမှုလျော့နည်းနေတာမို့ အချိန်မရွေး ပြိုကျနိုင်တာကို သတိပြုစစ်ဆေးဖို့လိုပါတယ်။ အဆိပ်ရှိတဲ့ သတ္တဝါတွေလည်း အမြင့်ပိုင်းတွေမှာ ခိုနေနိုင်တဲ့အတွက် စစ်ဆေးဖို့လိုအပ်ပါတယ်။ သန့်ရှင်းတဲ့သောက်သုံးရေ၊ ကျိုချက်ထားတဲ့ရေကို သောက်ဖို့လည်း လိုပါတယ်။ အိပ်စက်တဲ့အခါမှာလည်း ခြင်ထောင်နဲ့အိပ်မှ ခြင်ကြောင့်ဖြစ်တဲ့ရောဂါများအန္တရာယ်က ကင်းဝေးပါလိမ့်မယ်။

မုတ်သုံမိုးရွာသွန်းခြင်းကြောင့် စိုက်ပျိုးရေးနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအတွက် အကျိုးများလှတာမှန်ပေမယ့် မိုးနှင့်အတူ ဖြစ်တတ်တဲ့ ရေကြီးခြင်းကိုလည်း ရင်ဆိုင်နိုင်ဖို့ ပြင်ဆင်ထားရမှာဖြစ်ပါတယ်။ နိုင်ငံတော်အဆင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွေက မူဝါဒတွေချ၊ လမ်းညွှန်မှုတွေပြု၊ စီမံချက်တွေရေးဆွဲ၊ လိုအပ်တာတွေကို အသင့်စုဖွဲ့ ပြင်ဆင်ထားတာမှန်ပေမယ့် တကယ် နဖူးတွေ့၊ ဒူးတွေ့ကြုံကြရမယ့် ပြည်သူတစ်ဦးချင်း၊ မိသားစုတစ်စုချင်းကတော့ အထက်မှာဖော်ပြတင်ပြခဲ့တဲ့ လိုက်နာရမယ့်ဆောင်ရန်၊ ရှောင်ရန်အချက်များကို လိုက်နာခြင်းဖြင့် မိုးနှင့်အတူ ပျော်ရွှင်မှုကို ရရှိခံစားနိုင်ကြမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃-၇-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၄	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၁၅	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာ့ရှုခင်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၄	၁။	နိုင်ငံတော်သီချင်း
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၀	၄။	**ကာတွန်းအစီအစဉ် -ဘေ့စ်ဘောကြယ်ပွင့်များ (အပိုင်း-၁၈)**
၁၁း၄၀	၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သံသယမဲ့ချစ်ခြင်းအားဖြင့်**
၁၂း၃၀	၆။	ကျန်းမာသုတ
၁၂း၄၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၈၁)**

ညပိုင်း

၃း၂၂	၁။	နိုင်ငံတော်သီချင်း
၃း၂၅	၂။	အဖွင့်သီချင်း
၃း၃၀	၃။	2011 FIFA WOMEN' S WORLD CUP(GERMANY) - North Korea Vs Sweden (Delay)
၅း၃၀	၄။	ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀	၅။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၆။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၇။	ဘဝကြေးမုံ -မုသား၏အဖိုးအခ(အပိုင်း-၁) (အကယ်ဒမီခင်မို့မို့အေး၊ ဒေါ်ဒယ်ဘီနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆း၅၀	၈။	ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀	၉။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရတနာစံအိမ် (အပိုင်း-၃၈)**
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၁။	အမျိုးသားရေးတေးကဗျာ
	၁၂။	နိုင်ငံတကာသတင်း
	၁၃။	မိုးလေဝသသတင်း
	၁၄။	ပဟေဠိနန်းတော်
	၁၅။	ကျန်းမာသုတ
	၁၆။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၇။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၂၉)**
	၁၈။	2011 FIFA WOMEN' S WORLD CUP (GERMANY) -Brazil Vs Norway (Live)

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အထက်ပန်းညိုကျေးရွာ၌ အခြေခံပညာ မူလတန်းလွန်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၂၁ ရက်က အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ယု၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ရင်စိန်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်ပြန်/ဆက်)

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။*(သတင်း-ကျော်ဖုံး)* (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၇-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဘဒ္ဒေကရတ္တာသုတ်" တရားတော် (ဆရာတော်ဦးဃောသိတ)
- ၆း၄၀ အံ့ဖွယ်တစ်မူ ဆဒ္ဒန်ဂူ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၅၃)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၁၁၁)**
- ၈း၅၀ အမွန်မြတ်ဆုံးဖြင့်ကုသိုလ်ယူ. . မြိုင်မြို့မှ တရားအလှူ
- ၉း၀၅ MBE ၏လယ်ယာစိုက်ပျိုးရေး စရိတ်ပေးအပ်ပွဲ(ဒေးဒရဲမြို့)
- ၉း၁၅ ရန်ကုန်မြင်ကွင်းကျယ်
- ၉း၃၀ Sunday Talk [ထွန်းလှိုင်အောင်(ကောင်းကျော်စေကုမ္ပဏီလီမိတက်)၊မျိုးမြတ်သူ]
- ၁၀း၀၅ ခုနစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ(မေရီချက်မင်း)
- ၁၀း၃၅ ဗီဒီယိုပြခန်း
- ၁၀း၅၅ အမျိုးသမီးများနှင့်ဆိုင်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၂)
- ၁၁း၂၅ ဈေးဝယ်လမ်းညွှန်
- ၁၂း၁၀ မြတ်နိုးဖွယ်ရာမေမြန်မာ ဆင်ယင်ခြယ်သသုံးရာသီအလှ (မိုးရာသီဖက်ရှင်)
- ၁း၀၀ "ဘဒ္ဒေကရတ္တာသုတ်" တရားတော် (ဆရာတော်ဦးဃောသိတ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း
- ၃း၂၅ "အာဒမ်ရယ်၊ ဧဝရယ်၊ ဒသရယ်" နှင့်တွေ့ဆုံခြင်း
- ၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၁၁၁)**
- ၅း၀၀ ကျိုးပေါင်းရောဂါ (ပါမောက္ခဒေါက်တာချစ်စိုး)
- ၅း၃၀ ဂဏန်းသင်္ချာပျော်စရာ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၅၄)**
- ၇း၀၀ 7 Diamonds Live Show(Part-1)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ အံ့ဖွယ်ရှုမငြီး မြန်မာအမျိုးသမီး
- ၈း၅၀ Kid's Show
- ၉း၂၀ သွားမယ်စားမယ်
- ၉း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၁၂)**
- ၁၀း၂၅ Global Panorama
- ၁၀း၅၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
- ၁၁း၁၀ ပရီးမီးယားလိဂ်ရင်ခုန်သံ
- ၁၁း၃၅ ကြည်နူးမြတ်နိုးဖွယ် အလှအပများစုဝေးရာ ပဒုမ္မာ
- ၁၁း၄၅ ဟိုတယ်လမ်းညွှန်
- ၁၂း၀၀ ပြင်ဦးလွင်ရဲ့ရွှေခြသေ့်
- ၁၂း၁၅ ဒို့တိုင်းဌာနီဧရာဝတီ
- ၁၂း၅၀ ငွေဆောင်ဒေသရဲ့ သရက်တောထိုးမုန့်
- ၁၂း၅၅ အံ့ဖွယ်လေ့လာအသံတုပညာ အသံတုရဲ့မြင့်လေး
- ၁း၁၅ လောကရဲ့အလှရတနာ
- ၁း၃၀ ဖန်ဆင်းရေးခြယ် လက်ရာအသွယ်သွယ်
- ၂း၀၅ အဖိုးတန်သောသဘာဝ သယံဇာတမြေဟူးကောင်း
- ၂း၂၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
- ၂း၄၅ ကမ္ဘာနှင့်ယှဉ်ရင်ပေါင်တန်း မြန်မာ့သားရေထည်ရဲ့အစွမ်း
- ၂း၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၃း၅၅ လွန်းတင်သည့်ကြိုး
- ၄း၁၅ တိုင်းရင်းစုံညီပျိုမဒီ တီထွင်ဆင်သရိုးရာအလှ
- ၄း၄၀ အံ့ဖွယ်ထူးခြားမြေလတ် ဒေသဆီမှဘုရားများ

ကျေးရွာများအထိ လွှမ်းခြုံနိုင်မည့် ဆက်သွယ်မှုကွန်ရက်စနစ် စီမံရေးဆွဲ စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်ရေး၊ ရေရှည်အသုံးပြုနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်

နေပြည်တော် ဇူလိုင် ၂

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းသည် ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် ရမည်းသင်းမြို့ ဆက်သွယ်ရေးအိတ်ချိန်းသို့ ရောက်ရှိပြီး အိတ်ချိန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ(အောက်ယာပုံ) **မန္တလေးတိုင်းဒေသကြီး တိုင်းဒေသကြီး မန်နေဂျာ ဦးကျော်စွာသွင်နှင့် အိတ်ချိန်းတာဝန်ခံတို့က အိတ်ချိန်းတွင် လက်ရှိတပ်ဆင်ထားရှိသည့် အဝေးဆက်သွယ်မှုစနစ်များ၊ အော်တိုတယ်လီဖုန်း တပ်ဆင်ထားရှိမှုများနှင့် မိုဘိုင်းတယ်လီဖုန်းတပ်ဆင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။**

ထို့နောက် ရမည်းသင်းခရိုင် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ကလည်း ခရိုင်အတွက် အော်တိုတယ်လီဖုန်းနှင့် မိုဘိုင်းတယ်လီဖုန်း ထပ်မံလိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆောင်ရွက်တော့မည့် GSM မိုဘိုင်းတယ်လီဖုန်းစီမံကိန်းတွင် ထည့်သွင်းပေးရန် စီစဉ်ခဲ့သည်။

ကျေးရွာများအထိလွှမ်းခြုံ

ထိုမှတစ်ဆင့် ပျော်ဘွယ်မြို့နှင့် မိတ္ထီလာမြို့တို့ရှိ အိတ်ချိန်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက မြို့နယ်များအနေဖြင့် မြို့ပေါ်အတွက်သာမကဘဲ ကျေးရွာများအထိ လွှမ်းခြုံနိုင်မည့် ဆက်သွယ်မှုကွန်ရက်စနစ် စီမံရေးဆွဲရန်နှင့် စက်ခန်းနေရာများကို ဒေသအုပ်ချုပ်ရေးမှူးများနှင့် ညှိနှိုင်း၍ ရွေးချယ်ကြရန်၊ အိတ်ချိန်းများ၌ တပ်ဆင်ထားရှိသည့် စက်ပစ္စည်းများသည် တန်ဖိုးကြီးမားသည့်အတွက် စက်ပစ္စည်းများ ကြံ့ခိုင်ကောင်းမွန်ရေး၊ ရေရှည်အသုံးပြုနိုင်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးကို ဆောင်ရွက်ကြရန်နှင့် ပြည်သူများအား ဆက်သွယ်မှုဝန်ဆောင်မှုပေးရာတွင် အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ (သတင်းစဉ်)

အော်တိုတယ်လီဖုန်းများကို One Stop Service ဖြင့် အမြန်တပ်ဆင်ဆောင်ရွက်ပေးလျက်ရှိ

သတင်းမှတ်စု-အောင်သိယ်

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် နိုင်ငံတစ်ဝန်း ဆက်သွယ်မှု လွယ်ကူလျင်မြန် ချောမွေ့စေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခင်က လက်လှည့်တယ်လီဖုန်းစနစ်မှ အော်တိုတယ်လီဖုန်း၊ ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်းအဆင့်သို့ တိုးမြှင့် ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ တယ်လီဖုန်းလုံးရေကိုလည်း အများအပြား တိုးချဲ့တပ်ဆင်ပေးနိုင်ခဲ့သည်။

ယခုအခါ တစ်နိုင်ငံလုံး၌ အော်တိုတယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ပေးလျက်ရှိပြီး ရန်ကုန်မြို့ရှိ အော်တိုတယ်လီဖုန်း လျှောက်ထားသူများကိုလည်း One Stop Service ဖြင့် အမြန်တပ်ဆင်ပေးနေပြီဖြစ်ကြောင်း သိရှိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်းဌာနသို့ ဆက်သွယ်မေးမြန်းချက်အရ နေပြည်တော်တွင် ထပ်မံတပ်ဆင်ပေးနိုင်မည့် လိုင်းအင်အားအနေဖြင့် နေပြည်တော် ဇမ္ဗူသီရိမြို့၊ ဥတ္တရသီရိမြို့နှင့် ဒက္ခိဏသီရိမြို့တို့တွင် လိုင်းအင်အား ၃၄၀၀၊ ပုဗ္ဗသီရိမြို့နယ်တွင် ၈၀၀ နှင့် ပျဉ်းမနားမြို့တွင် ၁၁၀၀ ရှိသည်။ တယ်လီဖုန်းများ တပ်ဆင်ပေးနိုင်ရန်အတွက် ပုဗ္ဗသီရိ အိတ်ချိန်းရှိ အော်တိုတယ်လီဖုန်းဌာနရုံး ဒုတိယအင်ဂျင်နီယာချုပ်က လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်မြို့တွင် လက်ကျန် လိုင်းအင်အားကို အိတ်ချိန်းနယ်မြေအလိုက် ဖော်ပြရလျှင် ပုဇွန်တောင်၊ ဗဟန်း/တာမွေတို့တွင် ၂၂၀၀စီ၊ ပန်းဘဲတန်းတွင် ၃၆၀၀၊ အလုံတွင် ၁၂၀၀၊ ဟံသာဝတီနှင့် တောင်ဥက္ကလာပတို့တွင် ၈၀၀ စီ၊ ဘုရင့်နောင်၊ မြောက်ဥက္ကလာပနှင့် ထောက်ကြန့်တို့တွင် ၃၀၀ စီ၊ လှိုင်သာယာစက်မှုဇုန်၊ အင်းစိန်နှင့် ရွှေပေါက်ကံစက်မှုဇုန်တို့တွင် ၂၀၀ စီ၊ မရမ်းကုန်းတွင် ၁၇၀၀၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)တွင် ၁၀၀၊ ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် ၁၁၀၀၊ မင်္ဂလာဒုံတွင် ၅၀၀ နှင့် ရွှေပြည်သာ စက်မှုဇုန်တွင် ၆၀၀ စုစုပေါင်း လိုင်းအင်အား ၁၆၃၀၀ ဖြစ်သည်။

ရန်ကုန်မြို့တွင် အော်တိုတယ်လီဖုန်း တပ်ဆင်လိုပါက လျှောက်လွှာများကို ယခင်ကကဲ့သို့ ရန်ကုန်မြို့ လမ်း(၄၀) အမှတ်(၁၀၃)ရှိ အင်ဂျင်နီယာချုပ်ရုံးက လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)အိတ်ချိန်း၊ ပန်းဘဲတန်းအိတ်ချိန်း၊ ဗဟန်း၊ တာမွေအိတ်ချိန်း၊ သဃ်န်းကျွန်း၊ တောင်ဥက္ကလာပအိတ်ချိန်း၊ မရမ်းကုန်းအိတ်ချိန်း၊ အလုံအိတ်ချိန်း၊ ပုဇွန်တောင်အိတ်ချိန်း၊ မင်္ဂလာဒုံအိတ်ချိန်း၊ မြောက်ဥက္ကလာပအိတ်ချိန်းနှင့် ဟံသာဝတီအိတ်ချိန်းတို့တွင် အထူးအစီအစဉ်အဖြစ် One Stop Service ဖြင့် အမြန်တပ်ဆင်ပေးနေပြီဖြစ်သည်။

အလားတူ မန္တလေးမြို့တွင် ထပ်မံတပ်ဆင်ပေးနိုင်မည့် လက်ကျန်လိုင်းအင်အားမှာ မန္တလေးမြို့မတွင် ၂၀၀၀၊ မန္တလေးမြို့သစ်တွင် ၃၀၀၊ ပုသိမ်ကြီးတွင် ၁၀၀ နှင့် မြစ်ငယ်တွင် ၁၄၀ စုစုပေါင်း လိုင်းအင်အား ၂၅၄၀ ဖြစ်သည်။ တယ်လီဖုန်းများ တပ်ဆင်ပေးနိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မန္တလေးတိုင်းဒေသကြီး မန်နေဂျာရုံးက လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

တယ်လီဖုန်းတပ်ဆင်ပေးရာတွင် လျှောက်လွှာတွင် ဖော်ပြထားသည့် နေရပ်လိပ်စာကို စိစစ်ပြီး ဖုန်းလိုင်းနှင့် နံပါတ်ရှိသော (Feasible) နေရာဖြစ်ပါက ချက်ချင်းလုပ်ငန်းစတင်ဆောင်ရွက်၍ ငွေလက်ခံခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်သည်။ အိတ်ချိန်းနှင့်နီးသော လိပ်စာဖြစ်ပါက ငွေလက်ခံပြီး နောက်တစ်ရက်တွင် လည်းကောင်း၊ အိတ်ချိန်းနှင့်ဝေးသော လိပ်စာဖြစ်ပါက ငွေလက်ခံပြီး နောက်သုံးရက်မှ ငါးရက်အတွင်းတွင် လည်းကောင်း တယ်လီဖုန်းများ လာရောက်တပ်ဆင်ပေးမည်ဖြစ်သည်။

ပြည်သူများ အချိန်ကုန်သက်သာပြီး ပင်ပန်းမှုမရှိစေရေးအတွက်လည်း အော်တိုတယ်လီဖုန်းလိုင်း ကြိုတင်ငွေပေးစနစ်ကို စတင်စီစဉ်ဆောင်ရွက်နေပြီဖြစ်သည်။

သမားရိုးကျ ကြားနေကျဖြစ်သည့် တယ်လီဖုန်း အသံ(Voice) အပြင် သတင်းအချက်အလက် Data IPTV, Video စသည်တို့ကိုပါ အချိန်နှင့်တစ်ပြေးညီ လွယ်ကူချောမွေ့လျင်မြန်စွာ ပို့ဆောင်ဆက်သွယ်နိုင်ရေးအတွက် IP Trunk Gateway တပ်ဆင်ခြင်းလုပ်ငန်းကိုပါ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများတွင် တစ်ပြိုင်တည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်သောအဖွဲ့တို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်ဥက္ကဋ္ဌ Mr.B.V. Gryzlov ခေါင်းဆောင်သော အဖွဲ့တို့သည် ဇွန် ၂၇ ရက် နံနက် ၁၁ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်၌ တွေ့ဆုံဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမင်းသိန်း တက်ရောက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်ဥက္ကဋ္ဌ Mr.B.V. Gryzlov နှင့်အတူ State Duma လွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr.Y.N. Volkov နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သည်ကြီးများ အသင်းအစည်းအဝေးခန်းမ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌ Mr. Alexander Katyrin၊ အသင်းဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ထပ်မံဆွေးနွေး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် Zolotoe Koloso Hotel ၌ State Duma လွှတ်တော်ဥက္ကဋ္ဌကိုယ်စား လွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr.Y.N. Volkov က တည်ခင်းသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ပြီး နှစ်နိုင်ငံ လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ထပ်မံဆွေးနွေးကြသည်။

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် မော်စကိုမြို့ရှိ Historical Cultural Museum၊ Moscow Kremlin နန်းတော်အတွင်းရှိ Diamond Fund နှင့် Armory Chamber တို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ Mr. Alexander Katyrin တို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သည်ကြီးများအသင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်ဥက္ကဋ္ဌ Mr.B.V.Gryzlov ခေါင်းဆောင်သော အဖွဲ့တို့ မော်စကိုမြို့ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြ[...] စိန့်ပီတာစဘတ် ဥပဒေ[...]

ပြည်ထောင်စုသမ္မတမြန်မာနိုင်[...] စိန့်ပီတာစဘတ်မြို့သို့ရောက်ရှိကြပြီး စိန့်[...]

မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၃၀ ရက် နံနက် ၁၁ နာရီတွင် စိန့်ပီတာစဘတ်မြို့ရှိ Peterhof Museum၊ Grand Palace of Peter I နှင့် Lower Fountain Park တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

တွေ့ဆုံဆွေးနွေး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် စိန့်ပီတာစဘတ်ဥပဒေပြုရေးညီလာခံ ဥက္ကဋ္ဌ Mr. Vadim Tyulpanov ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ညနေ ၃ နာရီတွင် စိန့်ပီတာစဘတ်ဥပဒေပြုရေး ညီလာခံ အဆောက်အအုံ၌ တွေ့ဆုံဆွေးနွေးကြသည်။

လှည့်လည်ကြည့်ရှု

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ် ဥပဒေပြုရေးညီလာခံ အဆောက်အအုံကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေ ၆ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သည်ကြီးများ အသင်းဝင် စိန့်ပီတာစဘတ်မြို့ရှိ Board of the North- Western Fishing Consortium အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးကြပြီး ညပိုင်းတွင် စိန့်ပီတာစဘတ်မြို့ ဝန်းကျင်ရှိ မြစ်များ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း စိန့်ပီတာစဘတ် ဥပဒေပြုရေးညီလာခံ အဆောက်အအုံ၌ ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်ဥက္ကဋ္ဌ Mr. B.V. Gryzlov ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန်အတွက် ဇွန် ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်သိမ်း၊ စစ်သံမှူး ဗိုလ်မှူးကြီးဝင်းမောင်နှင့် သံရုံးဝန်ထမ်းများက သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ညနေ ၆ နာရီတွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ သံအမတ်ကြီး၊ စစ်သံမှူးနှင့်ဝန်ထမ်းများ၊ မိသားစုများအား တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့် သံရုံးဝန်ထမ်းများ လိုက်နာစောင့်ထိန်းဆောင်ရွက်အပ်သည့် အချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၆ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် ညနေ ၄ နာရီ ၅၅ မိနစ်တွင် မော်စကိုမြို့ Domodedovo အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr.Y.N. Volkov နှင့် တာဝန်ရှိသူများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆိုင်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးမင်းသိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် လေဆိပ်မှ ခေတ္တတည်းခိုမည့် President Hotel သို့ ထွက်ခွာ၍ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား မော်စကိုမြို့ Domodedovo အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်ဒုတိယဥက္ကဋ္ဌ Mr.Y.N. Volkov က ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်[...] ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားအထက်လွှတ်[...]

ရန်ကုန် ဇူ[...]

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် [...] ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၈ ရက် နံ[...] လေ့လာကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ စိန့်ပီတာစဘတ် ဥပဒေပြုရေးညီလာခံဥက္ကဋ္ဌ ခေါင်းဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး၊ စိန့်ပီတာစဘတ်မြို့ရှိပြတိုက်များ ကြည့်ရှုလေ့လာ

ရန်ကုန် ဇူလိုင် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၉ ရက်တွင် လေကြောင်းခရီးဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့မှ စိန့်ပီတာစဘတ်မြို့သို့ရောက်ရှိကြပြီး စိန့်ပီတာစဘတ်မြို့ရှိ Hermitage Museum သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၃၀ ရက် နံနက် ၁၁ နာရီတွင် စိန့်ပီတာစဘတ်မြို့ရှိ Peterhof Museum၊ Grand Palace of Peter I နှင့် Lower Fountain Park တို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

တွေ့ဆုံဆွေးနွေး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် စိန့်ပီတာစဘတ်ဥပဒေပြုရေးညီလာခံ ဥက္ကဋ္ဌ Mr. Vadim Tyulpanov ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ညနေ ၃ နာရီတွင် စိန့်ပီတာစဘတ်ဥပဒေပြုရေး ညီလာခံ အဆောက်အအုံ၌ တွေ့ဆုံဆွေးနွေးကြသည်။

လှည့်လည်ကြည့်ရှု

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ် ဥပဒေပြုရေးညီလာခံ အဆောက်အအုံကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေ ၆ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကုန်သည်ကြီးများအသင်းဝင် စိန့်ပီတာစဘတ်မြို့ရှိ Board of the North- Western Fishing Consortium အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးကြပြီး ညပိုင်းတွင် စိန့်ပီတာစဘတ်မြို့ ဝန်းကျင်ရှိ မြစ်များနှင့် တူးမြောင်းများကို လှည့်လည်ကြည့်ရှုကြသည်။

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁ ရက် နံနက်ပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ State Museum " The Tsar's Village " (City of Pushkin)နှင့် Palace of Catherine I တို့ကို ကြည့်ရှုလေ့လာကြသည်။

ပြန်လည်ထွက်ခွာ

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် စိန့်ပီတာစဘတ်မြို့မှ မော်စကိုမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၂၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရန်ကုန်မြို့သို့ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် စိန့်ပီတာစဘတ်ဥပဒေပြုရေးညီလာခံဥက္ကဋ္ဌ Mr. Vadim Tyulpanov ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ စိန့်ပီတာစဘတ်ဥပဒေပြုရေး ညီလာခံ အဆောက်အအုံ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း စိန့်ပီတာစဘတ် ဥပဒေပြုရေးညီလာခံ အဆောက်အအုံ၌ ကြည့်ရှုလေ့လာစဉ်။
(သတင်းစဉ်)

သစ်တောနဲ့ သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

...သမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ...ရှင်းနိုင်ငံ ရုရှားအထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၂

...င်ငံ မော်စကိုမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ...ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၈ ရက် နံနက် ၁၀ နာရီတွင် မော်စကိုမြို့ရှိ Space Museum သို့ သွားရောက်ကြည့်ရှု

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားအထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Illyas Umahanov ခေါင်းဆောင်သော အဖွဲ့တို့သည် ညနေ ၃ နာရီတွင် ရုရှားအထက်လွှတ်တော် အဆောက်အအုံ၌ တွေ့ဆုံကြပြီး နှစ်နိုင်ငံ လွှတ်တော်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရုရှားအထက်လွှတ်တော် အဆောက်အအုံကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ဆွေးနွေးမှာကြား

ညပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မော်စကိုမြို့ရှိ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ သံအမတ်ကြီးနှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများအား တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ပေါ်မှုများကို ရှင်းလင်းပြောကြားပြီး သံရုံးဝန်ထမ်းများအနေဖြင့် မိမိတာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာရေးအတွက် ဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားအထက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Illyas Umahanov ခေါင်းဆောင်သောအဖွဲ့တို့ ရုရှားအထက်လွှတ်တော်အဆောက်အအုံ၌ တွေ့ဆုံဆွေးနွေးကြစဉ်။
(သတင်းစဉ်)

ဇူလိုင်လအတွက် မိုးလေဝသ ခန့်မှန်းချက်

နေပြည်တော် ဇူလိုင် ၂

၂၀၁၁ ခုနှစ် မိုးလယ်ကာလသည် ဇူလိုင် ၁ ရက်မှ ဩဂုတ် ၃၁ ရက် (မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ် ဝါဆိုလဆန်း ၁ ရက်နေ့မှ တော်သလင်းလဆန်း ၃ ရက်ထိ) ဖြစ်သည်။ ၂၀၁၁ ခုနှစ် မိုးလယ်ကာလအတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်မှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်မှာ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။

မိုးအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ ရွာသွန်းမှုထက်ပိုပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမှုအောက်လျော့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမှုခန့်မိုးရွာသွန်းနိုင်သည်။

မြစ်ရေအခြေအနေမှာ မိုးလယ်ကာလ ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့၌ တစ်ကြိမ်ခန့်စီ၊ ဧရာဝတီမြစ်ရေသည် ကသာမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့နှင့် ဇလွန်မြို့တို့၌ တစ်ကြိမ်ခန့်စီ၊ ဟင်္သာတမြို့၌ နှစ်ကြိမ်ခန့်၊ ဒဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့၌ တစ်ကြိမ်ခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့၌ တစ်ကြိမ်ခန့်နှင့် မဒေါက်မြို့၌ နှစ်ကြိမ်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့၌ တစ်ကြိမ်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့၌ နှစ်ကြိမ်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့၌ တစ်ကြိမ်ခန့်၊ ငဝန်မြစ်ရေသည် ငသိုင်းချောင်းမြို့၌ တစ်ကြိမ်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးသို့ ရောက်ရှိနိုင်သည်။

ဇူလိုင်လအတွင်း ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ဇူလိုင်လလယ်ခန့်တွင် မုတ်သုံလေ အားပြတ်ခြင်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။

ထူးခြားသော မိုးလေဝသအခြေအနေများနှင့်ပတ်သက်၍ သိရှိလိုပါက မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန၏ Website ဖြစ်သော www.moezala.gov.mm သို့လည်းကောင်း၊ နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ အလိုအလျောက်ဖြေကြားစက်များဖြစ်သော ၄၁၁ ၂၅၂ နှင့် ၆၆၇၇၆၆ တို့သို့လည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြား၊ နေ့စဉ်ထုတ်သတင်းစာများနှင့် FM ရေဒီယိုများကလည်းကောင်း ကြည့်ရှုနားဆင်နိုင်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ပြည်တွင်းအားကစားသတင်းများ ပြည်တွင်းအားကစားသတင်းများ ပြည်တွင်းအားကစားသတင်းများ

၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်တွင် နေပြည်တော် မြို့မဈေးရှေ့စုရပ်၌ ကျင်းပသော ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်ပါဝင်ဆင်နွှဲသည်။

အဆိုပါစုပေါင်းလမ်းလျှောက်ပွဲသို့ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ဌေးဌေးငြိမ်းနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နေပြည်တော် ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်းအင်အား ၁၀၀၀ ကျော် ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ ပါဝင်ဆင်နွှဲကြသူများသည် နံနက် ၅ နာရီခွဲတွင် မြို့မဈေးရှေ့စုရပ်၌ နေရာယူကြပြီး နံနက် ၅ နာရီ ၄၅ မိနစ်တွင် စတင်တာလွှတ်၍ စုပေါင်းလမ်းလျှောက်ကြသည်။

ထို့နောက် တောင်ညို-ပျဉ်းမနားလမ်းမကြီးအတိုင်း သပြေကုန်းအဝိုင်းမှတစ်ဆင့် ရာဇသင်္ဂဟလမ်းရှိ ကျောက်မျက်ရတနာပြတိုက်ရှေ့သို့ ပန်းဝင်လာကြရာ အလှူရှင်ကုမ္ပဏီများက အချိုရည်၊ ရေသန့်နှင့် အဆာပြေစားစရာများဖြင့် ကျွေးမွေးဧည့်ခံကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် Myanmar Internationl Convention Centre ရှေ့၌ကျင်းပသော (၅၇)ကြိမ်မြောက် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် (အမျိုးသား/အမျိုးသမီး) စက်ဘီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား မီတာ ၄၀၀၀ တစ်ဦးချင်း စံချိန်ပြုဗိုလ်လုပွဲကို စတင်တာလွှတ်သည်။

နံနက်ပိုင်း အမျိုးသားပြိုင်ပွဲများအပြီးတွင် အမျိုးသမီး မီတာ ၅၀ တစ်ဦးချင်း စံချိန်ပြု ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပပြီး ဇူလိုင် ၃ ရက် နံနက်ပိုင်းတွင် အမျိုးသမီး ၂၅ ကီလိုမီတာ စံချိန်ပြုပြိုင်ပွဲနှင့် အမျိုးသား ကီလိုမီတာ ၅၀ စံချိန်ပြုပြိုင်ပွဲများကိုလည်းကောင်း၊ ဇူလိုင် ၅ ရက် နံနက်ပိုင်းတွင် အမျိုးသား ကီလိုမီတာ ၁၈၀၊ အုပ်စုတစ်ဦးချင်း တာဝေးပြိုင်ပွဲနှင့် အမျိုးသမီး ကီလိုမီတာ ၁၂၀ အုပ်စု တစ်ဦးချင်း တာဝေးပြိုင်ပွဲများကိုလည်းကောင်း ဆက်လက်ကျင်းပကာ ဆုများကို ချီးမြှင့်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း နေပြည်တော် မြို့မဈေးရှေ့၌ ကျင်းပသော ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲစဉ်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် ကမ္ဘာ့မြားပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာမြားပစ်အားကစားအဖွဲ့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၂

အီတလီနိုင်ငံ ဘိုရီနိုမြို့၌ ဇူလိုင် ၃ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့မြားပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်း ဦးဆောင်သော မြန်မာမြားပစ်အားကစားအဖွဲ့ အဖွဲ့ဝင်ရှစ်ဦးသည် ဇူလိုင် ၁ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။

မြန်မာမြားပစ်အဖွဲ့အား အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် တာဝန်ရှိသူများ၊ အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာမြားပစ်အားကစားအဖွဲ့တွင် အုပ်ချုပ်သူ/နည်းပြအဖြစ် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဦး (ဒုတိယရုံးအဖွဲ့မှူး)၊ အားကစားသမားများအဖြစ် ဇော်ဝင်းထိုက်၊ နေမျိုးအောင်၊ အောင်မျိုးသူ၊ ရဲမင်းဆွေ၊ သင်းသင်းခိုင်နှင့် အောင်ငိုမ်းတို့ လိုက်ပါသွားကြပြီး မြန်မာမြားပစ်အားကစားအဖွဲ့သည် Compound ပြိုင်ပွဲနှင့် Recurve ပြိုင်ပွဲတို့တွင် အမျိုးသား/အမျိုးသမီး တစ်ဦးချင်း၊ အသင်းလိုက်နှင့် Mix Team ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပြိုင်ပွဲ ပထမနေ့ပွဲစဉ်များ ကျင်းပ

ရန်ကုန် ဇူလိုင် ၂

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့ စိန်ခေါ်ပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူအားကစားရုံ၌ ကျင်းပသည်။

ပထမနေ့ ပြိုင်ပွဲများအဖြစ် လေးချိုပွဲ သုံးပွဲ၊ ငါးချိုပွဲ သုံးပွဲတို့ ယှဉ်ပြိုင်ထိုးသတ်ကြပြီး မြန်မာ-ထိုင်း ရိုးရာလက်ဝှေ့ ငါးချို အထူးစိန်ခေါ်ပြိုင်ပွဲ၌ စိုးမိုးဟိန်း (မြန်မာ/မျိုးဆက်သစ်) နှင့် ကုမ်စရမ်(ထိုင်း) တို့ ယှဉ်ပြိုင်ထိုးသတ်ရာ ပထမအချီ ၂ မိနစ် ၁၅ စက္ကန့်တွင် စိုးမိုးဟိန်း(မြန်မာ/မျိုးဆက်သစ်) က အလဲထိုးအနိုင်ရရှိပြီး ဒုတိယပွဲအဖြစ် ငါးချီ အထူးစိန်ခေါ်ပြိုင်ပွဲ၌ စိုးလင်းဦး (မြန်မာ/မျိုးဇာနည်)နှင့် အာခွန်း(ထိုင်း) တို့ ယှဉ်ပြိုင်ထိုးသတ်ရာ စိုးလင်းဦး (မြန်မာ/ မျိုးဇာနည်)က စတုတ္ထအချီ ၂ မိနစ် ၁၄ စက္ကန့်တွင် အနိုင်ရရှိပြီး မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ကိုယ်စား တွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်းတို့က ဆုများ ပေးအပ် ချီးမြှင့်ကြသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သွေးလှူဒါန်းပွဲ ပုသိမ်၌ ကျင်းပ

နေပြည်တော် ဇူလိုင် ၂

ဧရာဝတီတိုင်းဒေသကြီး ၂၀၁၁ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သွေးလှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၄ ရက် နံနက် ၈ နာရီတွင် ပုသိမ်မြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေနှင့် အဖွဲ့ဝင်များ၊ ပုသိမ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းနှင့် ပုသိမ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မာကြည်တို့က သွေးလှူရှင်များ သွေးဖောက်လှူဒါန်းနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပုသိမ်အထွေထွေရောဂါကုဆေးရုံကြီးသို့ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက ငွေကျပ် သုံးသိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာတင်တင်ဝေက လက်ခံခဲ့သည်။

(သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂၀ ရက်က ကွမ်းခြံကုန်း (ဒေးဒရဲကားလမ်း) ဘေးဝဲ၊ ယာ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝေလင်း၊ မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကျွန်းပင်နှင့် အရိပ်ရ လေကာပင် ၁၀၀၀ ကျော်ကို စုပေါင်း စိုက်ပျိုးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

မြဝတီခရိုင် မြဝတီမြို့နယ် ၂၀၁၁ ခုနှစ် ဒုတိယအကြိမ် ဒေသအလိုက် အမျိုးသားကာကွယ်ဆေးတိုက်နေ့ အခမ်းအနားကို အမှတ်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး ရှေ့၌ ဇွန် ၁၁ ရက်က ကျင်းပရာ ကရင်ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဌေးနောင်၊ ပြည်နယ်ကျန်းမာရေးအရာရှိ ဒေါက်တာဝင်းမင်းသီရိတို့ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးနေမှုကို ကွင်းဆင်းကြိုးကြပ်စဉ်။ (၅၇၀)

ဇွန် ၂၅ ရက်က ကျွဲ၊ နွားကာကွယ်ဆေးထိုးလုပ်ငန်းများကို ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်အတွင်းရှိ ကျေးရွာများမှ ခိုင်းကျွဲ၊ နွားများကို မြောက်ပိုင်းခရိုင် တိ/မွေးကု ဦးစီးအရာရှိ ဒေါက်တာမြင့်ဆွေ ကြီးကြပ်၍ ကျွဲ၊ နွား လည်ချောင်းကွဲနှင့် ထောင့်သန်းရောဂါ ကာကွယ်ဆေးများကို ကွင်းဆင်း ထိုးနှံပေးကြစဉ်။ (၃၂၉)

ကမ်းရိုးတန်းဒေသများ မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဇူလိုင် ၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ဂွမြို့တွင် ၅ ဒသမ ၆၇ လက်မ၊ ခန္တီးမြို့တွင် ၄ ဒသမ ၆၀ လက်မ၊ ရေးမြို့တွင် ၄ ဒသမ ၄၉ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် ၄ ဒသမ ၂၅ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ သံတွဲမြို့တွင် ၃ ဒသမ ၈၂ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ တောင်ကုတ်မြို့တွင် ၃ ဒသမ ၆၂ လက်မနှင့် သိမ်ဇရပ်မြို့တွင် ၃ ဒသမ ၅၀ လက်မတို့ဖြစ်ကြသည်။ **ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ State Duma လွှတ်တော်ဥက္ကဋ္ဌ Mr. B. V. Gryzlov ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ယနေ့ နံနက် ၈ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ကော်မတီများ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံး-သံရုံးယာယီတာဝန်ခံ Mr. Dmitry DARCHENKOV နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားကြသော အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်ထွန်း၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးစံထွန်း၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ အတွင်းရေးမှူး ဦးမောင်တိုး၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးသန်းမြင့်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီအဖွဲ့ဝင် ဦးညွန့်တင်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ဦးနေဝင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု
နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဦးဆောင်ကျင်းပသည့် ၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ (ဇူလိုင်လ ၃ ရက်)ကို ကြိုဆိုဂုဏ်ပြုသည့် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း တက်ရောက်၍ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပေးသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်းနှင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်၊ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်းက ၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် အထိမ်းအမှတ်သစ်ပင်ကို သတ်မှတ်နေရာ၌ စိုက်ပျိုးပေးသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး၏ ဇနီး ဒေါ်ခင်စောနှင်းနှင့် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး **စာမျက်နှာ ၄ ကော်လံ ၄ သို့** ❖